မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၁ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၁၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဩဂုတ် ၅ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေး-မတ္တရာလမ်းပိုင်း အခြေအနေများ၊ လမ်းဘေး ဝဲယာတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် လမ်းတစ်လျှောက် ကျွန်းစိုက်ခင်းများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မတ္တရာမြို့နယ် လက်ကောင်းကြီးကျေးရွာ မိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေး သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

ပြည်နယ်နှင့်တိုင်းရှိ ကျေးရွာပေါင်း ၂၃၂၂၅ ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ သောက်သုံးရေပြည့်လုံစေရန် တစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းမှ နှစ်တွင်း၊ သုံးတွင်းရှိအောင် ဆက်လက်ဖော်ဆောင်

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့ရှိ Mount Pleasant Hotel ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်ပြီး အလှူငွေများ လက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် သိန်း၂၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်က ငွေကျပ် ၂၅သိန်းနှင့် Myanmar Land & Development Co., Ltd. က ငွေကျပ် ၁၀သိန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၂၅သိန်းနှင့် စည်ပင်သာယာရေးဘဏ်လီမိတက်က ငွေကျပ် သိန်း ၈၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများကို လက်ခံစဉ်။

(နယ်စပ်/စည်ပင်)

အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်နေသလို ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု အကျိုးဆက်အရ အခြား ရေခက်ခဲသော ပြည်နယ်/တိုင်းများနှင့် မြစ်ဝကျွန်းပေါ် ဒေသ၊ ကမ်းရိုးတန်း ရေငန်ဒေသများပါမကျန် သန့်ရှင်း သော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေး အဖွဲ့များမှ ဆောင်ရွက်ပေးလျက်ရှိ။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၁ ရက်)

အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပင်မစီမံကိန်း ဒေသနှင့် အမျိုးသားအကျိုးစီးပွား ညီညွတ်မျှတရန် ဆောင်ရွက်နိုင်မည်

မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည်။မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံရှိခဲ့ရာ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ ဗီယက်နမ်၊ လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်ကြသည်။

အရှေ့တောင်အာရှနိုင်ငံ (၁၀)နိုင်ငံပါဝင်သော အာဆီယံသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်စပ်လျက်ရှိသော ပထဝီအနေအထား၊ တူညီသော ရည်ရွယ်ချက်၊ တူညီသော မျှော်မှန်းချက် ပန်းတိုင်ထားရှိလျက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းမှုများအတွက် အလေးဂရုပြုဆောင်ရွက်လျက်ရှိကြသည်။

အာဆီယံပဋိညာဉ်စာတမ်းအရ အဓိကမဏ္ဍိုင်(၃)ခုဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းတို့ပါဝင်သော အာဆီယံအသိုက်အဝန်းကို ၂၀၁၅ခုနှစ်၌ ထူထောင်သွားရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၀၉ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များသည် အာဆီယံဒေသအတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ အယူအဆကို ဆွေးနွေးခဲ့ကြပြီး ယင်းအယူအဆနှင့် စပ်လျဉ်းသည့် အာဆီယံခေါင်းဆောင်များ၏ သဘောထားကို ထုတ်ပြန်ခဲ့သည်။

အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပင်မစီမံကိန်းသည် ရုပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်မှု၊ အဖွဲ့အစည်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်မှုနှင့် လူထုအချင်းချင်း ပေါင်းစပ်ဆက်သွယ်မှုတို့ကို အလေးထားဆောင်ရွက်မည် ဖြစ်သည်။

အာဆီယံသည် စီးပွားရေးအရ တိုးတက်ရှင်သန်မှုအောင်မြင်လျက်ရှိသည့် ဒေသ၏လမ်းဆုံလမ်းခွတွင် တည်ရှိနေရာ ယင်း၏အားသာချက်ကြောင့် အာဆီယံသည် ဒေသ၏ သယ်ယူပို့ဆောင်ရေး၊ သတင်းနှင့်ဆက်သွယ်မှုနည်းပညာနှင့် ခရီးသွားလုပ်ငန်းတို့အတွက် ဗဟိုအချက်အချာဖြစ်လာပြီး ဒေသ၏ အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားရေးတို့ကို ညီညွတ်မျှတမှုရှိရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၁၂-၈-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော်-တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ (မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
- ၇:၃၀ ဓမ္မပူဇာတေးပဒေသာ
- ၇:၃၅ (၃၈)ဖြာမင်္ဂလာ
- ၈:၀၀ နံနက်ခင်းတေးပဒေသာ
- ၈:၁၀ စံတော်ချိန် + သတင်း
- ၈:၃၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၅ လောကနီတိအသိရှိစေဖို့ (နှလုံးလှ အဆုံးအမတော်များ) တေးပဒေသာ
- ၁၀:၀၀ သောတရှင်လိုရာတေး
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (N ကိုင်ရာ)
- ၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ **သီဟိုဠ်သီးမှ အီသနောထုတ်ယူခြင်း**
- ၁၁:၅၅ တေးသီချင်း
- ၁၂:၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
- ၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ကြေးစည်)
- ၁၂:၃၀ Music Talk တေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၃၀ အမှတ်တရတေးလက်ဆောင်
- ၁၇:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (စေတနာကုသိုလ်အကျိုး) တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ရေဒီယိုဇာတ်လမ်းတွဲ **နှလုံးသားရဲ့ အကွာရာ** (အပိုင်း-၁)
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ ညနေခင်းတေးပဒေသာ
- ၁၈:၂၅ ကျေးလက်ဇာတ်လမ်း **(လှုပ်လှုပ်ရှားရှား)**
- ၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၁၉:၃၀ သုတစုံကြွယ်သိစေဖွယ် ဗဟုသုတမှတ်စု
- ၁၉:၄၀ ရေဒီယိုအတိုတ်တေးအရိပ်
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် L ခွန်းရီနဲ့ ဦးသောင်းထိုက်)
- ၂၀:၅၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့) စီးပွားရေးဦးတည်ချက်
- ၂၁:၀၀ ဆောင်းပါး (အနှိုင်းမဲ့ကုသိုလ်-ပထမပိုင်း)
- ၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

ဝန်ကြီးဦးသိန်းဆွေ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ရေယာဉ်တည်ဆောက်ရေးရုံသို့ ရောက်ရှိပြီး ရေယာဉ်ကိုယ်ထည် အစိတ်အပိုင်းများကို CNC(Computerized Numerical Control) စနစ်ဖြင့် သံပြားများ ဖြတ်တောက်နေမှု၊ အမာခံလွင်ပြင်၌ မြစ်တွင်းသွား ကုန်တင်တွဲ ရေယာဉ်များ တည်ဆောက်နေမှု၊ လားရှိုးရေယာဉ်နှင့် သမ္မတ ရေကြောင်းပြရေယာဉ်တို့ လွှန်းတင်ပြင်ဆင်နေမှုနှင့် ပြီးစီးမှု၊ ရေလုံကျင်း၌ ရေယာဉ်များ မွမ်းမံပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ**(အပေါ်ပုံ)** ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အရည်အသွေးကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းများနှင့် ရေယာဉ်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားလမ်း ကတ္တရာတိုးချဲ့ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်နှင့် တာဝန်ရှိသူများ ဇူလိုင် ၂၉ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ပခုက္ကူ ဩဂုတ် ၁၀

ငါးမျိုးမပြုန်းတီးစေရေး၊ မြစ်ချောင်းအင်းအိုင်နှင့် သဘာဝ ရေပြင်များတွင် ငါးသယံဇာတ ပေါကြွယ်ဝရေး၊ ပြည်သူများ ငါးစားသုံးမှု ဖူလုံစေရေးကိုရည်ရွယ်၍ ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက် ၈နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

<u>ငါးမျိုးစိုက်ထည့်</u>

အခမ်းအနားတွင် ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်ထွန်းအောင်က ငါးသားပေါက်အိတ်များကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဌာနဆိုင်ရာများသို့ ဖြန့်ဝေပေးအပ်ပြီး ဧရာဝတီမြစ်အတွင်းသို့ ငါးမှုန် သိန်း ၆၀၊ ငါးသန် ၂ဒသမ၅သိန်းတို့ကို ငါးမျိုးစိုက်ထည့်ကြသည်။ **(အောက်ပုံ)**

(၀၇၀)

ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၀

ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့ မင်းရပ် ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း အစည်းအဝေးခန်းမဆောင်၌ ဇူလိုင် ၂၃ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်လတ်နှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်စောဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည်များကိုလည်းကောင်း၊ သာယာဝတီမြို့နယ် ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ဇော်လင်းသိုက်က လမ်းညွှန်အမှတ်အသားများကိုလည်းကောင်း၊ လက်ပံတန်းမြို့နယ် ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ဇော်မင်းဦးက ယာဉ်ထိန်းလက်အချက်ပြများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဟောပြောကြသည်။ (၁၇၅)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

11-8 (02).pmd 1 8/11/2010, 2:08 AM

ထားဝယ်ခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေး

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဩဂုတ် ၁၀

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် ဩဂုတ် ၄ရက်က ထားဝယ်ပညာရေးကောလိပ် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီးနောက် တာဝန်ရှိသူများက အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်ကြရာ ကျောင်းအုပ်ဆရာကြီးက လက်ခံသည်။

အမှာစကားပြောကြား

တိုင်းမှူးသည် ဩဂုတ် ၅ရက်က ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ (အောက်မြန်မာပြည်)သို့ ပြေးခုန်ပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ ပြေးခုန်ပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရ ဦးအေးမြင့်က အမှာစကားပြောကြားပြီး ငွေကျပ် ၃၆သိန်း တန်ဖိုးရှိ ပြေးခုန်ပစ် အားကစားပစ္စည်းရှစ်မျိုးနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက လက်ခံသည်။ **(အပေါ်ပုံ)**

ကြိုးစားယှဉ်ပြိုင်

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပတ္တမြား ခန်းမ၌ကျင်းပသည့် စင်ကာပူသမ္မတနိုင်ငံတွင် ဩဂုတ် ၁၄ရက်မှ ၂၆ရက်အထိ ကျင်းပမည့် ပထမအကြိမ် လူငယ်အိုလံပစ် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ မြားပစ်၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်နှင့် အလေးမ အားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် ယင်းပြိုင်ပွဲသည် ပထမဆုံးအကြိမ် ကျင်းပသော ကမ္ဘာ့အဆင့် လူငယ်အားကစားပြိုင်ပွဲတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းဖြစ်၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်အောင် မလျှော့သော ဇွဲ၊ လုံ့လဖြင့် အနိုင်ရရှိရေး အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်ခဲ့ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးလုပ်ငန်းခွင် လက်တွေ့အသုံးချ တိုင်းတာနည်းများ သင်တန်းဖွင့်မည်

နေပြည်တော် ဩဂုတ် ၁၀

Concordia Int'l Co., Ltd. က လုပ်ငန်းခွင်အသုံးချ Construction Survey သင်တန်း အပတ်စဉ်(၁/၂၀၁၀)ကို ဩဂုတ် ၁၆ရက်မှ ၂၆ရက် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ နေပြည်တော်ရှိ Concordia သင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းတွင် Concordia Survey Team မှ အတွေ့အကြုံရင့်ကျက်သော Construction Survey လုပ်ငန်း မြေတိုင်းပညာရှင်များက ဆောက်လုပ်ရေးလုပ်ငန်းခွင် လက်တွေ့အသုံးချ တိုင်းတာနည်းများဖြစ်သော Volume Calculation, Foundation Survey (Pilling and Eccentricity) Alignment and Level Control, Super Structure များ အပါအဝင် Construction Survey လုပ်ငန်းစဉ် အားလုံးကို Topcon Total Station Instrument များဖြင့် အသုံးပြု တိုင်းတာခြင်းများကို လက်တွေ့သင်ကြားမည်ဖြစ်သည်။

ဖွင့်လှစ်ပို့ချ

Construction Survey သင်တန်းသို့ ဆောက်လုပ်ရေးလုပ်ငန်းခွင် အသီးသီးတွင် လုပ်ကိုင်နေကြသော အစိုးရ၊ ပုဂ္ဂလိက၊ ကုမ္ပဏီများမှ ဝန်ထမ်းများ၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး သင်တန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌ အလှည့်ကျ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ သင်တန်းသားများကို ဩဂုတ် ၁၀ရက်မှစ၍ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်အနေဖြင့် Topcon Total Station ဝယ်ယူထားသော Customer များ၊ Concordia Co., Ltd. မှ ဖွင့်လှစ်သော Certificate Advance Survey Training တက်ရောက်ပြီးသူများအား သင်တန်းကြေး ၃၀ရာခိုင်နှုန်း Discount ပေး၍ လက်ခံသွားမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ်သိရှိလိုပါက နေပြည်တော် အမှတ် ၁၄၄ သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၀၉-၄၉၂၀၀၉၅၁ နှင့် ၀၉-၄၉၂၀၀၉၄၇၊ မန္တလေး အမှတ် ၅ မြေညီထပ် SY အဆောက်အအုံ လမ်း၃၀ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံ မြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၈၉၅၇၁၊ ၈၉၆၂၅ နှင့် ၀၉-၅၀၆၇၁၇၂ နှင့် ရန်ကုန် သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၆၀၇၆၊ ၅၅၈၄၃၈၊ ၇၃၀၀၉၂၂၃ နှင့် ၀၉-၅၀၀၅၉၁၂တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်း

ဖခင်ကြီး ဦးလှငွေ၊ မိခင်ကြီး ဒေါ်ထွေးရီ၊ (သား) ကိုကျော်ကျော် တို့အားရည်စူး၍ ဩဂုတ် ၅ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁) ရပ်ကွက် ၄၄/၄ လမ်းနေ သားသမီး၊ မြေး မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်နှင့် နတ်လမ်းအတွက် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။ (၁၀၅)

မူဆယ်ခရိုင် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းသို့ လယ်ယာစီးပွားဂျာနယ်များ လှူဒါန်း

မူဆယ် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်) ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက ငွေကျပ် ၁၂၃၀၀၀ တန်ဖိုးရှိ လယ်ယာစီးပွား ဂျာနယ် အစောင် ၁၂၃၀ကို ပေးအပ်ရာ ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား မူဆယ် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က မူဆယ် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်း သို့ ဩဂုတ် ၉ရက် နံနက် ၁၀နာရီက ပေးအပ်လှူဒါန်းသည်။ အဆိုပါဂျာနယ် များကို မူဆယ်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ ထပ်ဆင့် ပေးပို့လှူဒါန်း သွားမည်ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ကော့မှူးတွင် အာဟာရဖွံ့ဖြိုးရေး အသိပညာပေး

ကော့မှူး ဩဂုတ် ၁၀

ကော့မှူးမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အသိပညာပေး ရှင်းလင်းပွဲကို ဩဂုတ် ၄ရက် နံနက် ၁၀နာရီက မြို့နယ်ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်စိုးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အစီအစဉ်များကို ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် မြို့နယ်သူနာပြုအဆင့်(၁)က အာဟာရဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းပြီး ဥက္ကဋ္ဌ ဦးညီညီဝင်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက် ကလေးမိခင်များအား ဆေးဝါးများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကလေးငယ်များအား ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ သန်ချဆေးဝေငှခြင်း၊ အိမ်သုံးဆားတွင် အိုင်အိုဒင်း ပါဝင်မှု စစ်ဆေးနည်း သရုပ်ပြခြင်းများ ပြုလုပ်ပြသခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနား မော်ဘီ၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီ မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၉နာရီခွဲက မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အမှာစကားပြောကြားသည်။

(ဝဲပုံ)

ဆက်လက်၍ မော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု အကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ် ကျန်းမာရေးမှူးအဆင့်(၁) ဦးမြင့်စိုးက အာဟာရပြည့်လျှင် ရောဂါစင် ခေါင်းစဉ်ဖြင့် ဟောပြောသည်။ မော်ဘီမြို့နယ် World Vision အဖွဲ့က တက်ရောက်လာသော ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အလိမ္မာ စာမှာရှိ

ကာကွယ်ဆေးဖျန်း

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် အတွင်းရှိ ဈေးများ၊ ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၃၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မက္ကဆီကို ပင်လယ်ကွေ့၌ ဘီပီကုမ္ပဏီ ရေနံယိုဖိတ်ခဲ့မှု

အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော် ဆုံးရှုံးခဲ့ရ

နယူးယောက် ဩဂုတ် ၁၀

မက္ကဆီကိုပင်လယ်ကွေ့တွင် ဘီပီကုမ္ပဏီ၏ ရေနံတူးစင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့မှုကြောင့် စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးမှာ ဩဂုတ် ၁၀ရက်အထိ အမေရိကန်ဒေါ်လာ ၆ဒသမ၁ဘီလီယံအထိ ရှိလာကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

ပါဝင်

အဆိုပါ ရေနံယိုဖိတ်မှုကြောင့် ရေနံများရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ပျက်စီးရေနံတွင်းကို ဘိလပ်မြေများ လောင်းထည့်ခြင်းနှင့် မက္ကဆီကိုပင်လယ်ကွေ့နိုင်ငံများသို့ လျော်ကြေးပေးရသောငွေများ ပါဝင်ကြောင်း သိရသည်။

လျော်ကြေး

ယခုအခါ လူပေါင်း ၃၀၈၀၀၀တို့က ယိုဖိတ်ရေနံများ ရှင်းလင်းရေးအတွက် ဆက်လက် ဆောင်ရွက်နေကြောင်း၊ အမေရိကန်ဒေါ်လာ ၃၁၉သန်းကို အခြားထိခိုက်မှုရှိသည့် လုပ်ငန်းများအတွက် လျော်ကြေးအဖြစ် ပေးခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

သတို့သားက သေနတ်ဖြင့်ပစ်ဖောက်ရာမှ တူရကီနိုင်ငံတွင် သုံးဦးသေဆုံး

အင်ကာရာ ဩဂုတ် ၁၀

တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဂန်ဇန်တန်ပြည်နယ်တွင် ဩဂုတ် ၈ရက်က မင်္ဂလာပွဲအခမ်းအနား၌ သတို့သားက သေနတ်ပစ်ဖောက်ခဲ့ရာ သုံးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သော အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။ အဆိုပါဖြစ်ပွားမှုမှာ အကိုင်ဆွန်ကျေးရွာ၌ မင်္ဂလာပွဲအခမ်းအနား ကျင်းပနေချိန်တွင် သတို့သားက ဝမ်းမြောက်ဝမ်းသာဖြင့် သေနတ်ကို လေထဲတွင် လေးချက် ပစ်ဖောက်ခဲ့ရာမှ မတော်တဆမှုဖြစ်ပွားခဲ့ပြီး သူ၏ဖခင်နှင့် အဒေါ်နှစ်ဦး သေဆုံးခဲ့ရသည်။ လူအချို့ဒဏ်ရာရရှိခဲ့ရာ ၎င်းတို့အနက်မှ ရှစ်ဦးကို နီးစပ်ရာဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တူရကီနိုင်ငံ အလာကာတီမြို့၌ စက်တပ်ရွက်လှေပြိုင်ပွဲဝင်နေကြသည်ကို ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကလေးသူငယ်များ အမြတ်ထုတ်ခံရမှု အမေရိကန်၌ ပိုမိုများပြားလာ

ဝါရှင်တန် ဩဂုတ် ၁၀

ကလေးသူငယ်များအား ခေါင်းပုံဖြတ် အမြတ်ထုတ်နေခြင်းကို တိုက်ဖျက်ရန်နှင့် ကလေးသူငယ်များအား အကာအကွယ်ပေးရန် အမေရိကန်ဥပဒေစိုးမိုးရေး အရာရှိများက ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းမရှိကြောင်း ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာအဖွဲ့ (အင်န်စီအမ်အီးစီ)က ဩဂုတ် ၁၀ရက်၌ ကြေညာသည်။

ဝေဖန်ပြောဆို

ကလေးသူငယ်များ ပျောက်ဆုံးကြောင်း လာရောက်တိုင်ကြားသည့်အခါတွင် တာဝန်ရှိသူများအနေဖြင့် လိုအပ်သလို ချက်ချင်းအရေးယူ ဆောင်ရွက်ပေးလေ့မရှိကြောင်း၊ ယခုအခါ အချိန်ဆွဲကာ ချက်ချင်း ဆောင်ရွက်မပေးမှုတို့ကြောင့် ကလေးသူငယ် အများအပြားမှာ ကြီးမားသော အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း အင်န်စီအမ်အီးစီဥက္ကဋ္ဌ အာနီအယ်လင်က ဝေဖန်ပြောဆိုသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ပန်ကျန်မြို့၌ ၁၉၁၇ခုနှစ်က ထုတ်လုပ်ခဲ့သည့် သက်တမ်းရင့်ကားတစ်စီးကို ခရီးသည်များအား ဆွဲဆောင်မှုအဖြစ် ပြသထားသည်ကို ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လူသတ်မှုဖြင့် ထွက်ပြေးနေသူ ဗြိတိန်နိုင်ငံသားအား ဘင်္ဂလားဒေ့ရှ်လေဆိပ်၌ ဖမ်းဆီးမိ

ဒါကာ ဩဂုတ် ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သောခုနစ်နှစ်က လူသတ်မှုနှစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူ ဗြိတိန်နိုင်ငံသားတစ်ဦးအား ဖမ်းဆီးမိကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဩဂုတ် ၈ရက်တွင် ပြောကြားသည်။

ဖမ်းဆီးမိ

လူသတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူ အသက် ၂၇နှစ်အရွယ်ရှိ အာရပ်ခမ်းသည် မူလက ပါကစ္စတန်နိုင်ငံသား တစ်ဦးဖြစ်သည်။ ၎င်းအား ဒါကာမြို့ရှိ ဂျာလယ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဩဂုတ် ၆ရက်က ဖမ်းဆီးမိခြင်းဖြစ်ကြောင်း သိရသည်။ ခမ်းသည် ဆိုင်လက်ခရိုင် အရှေ့မြောက်ပိုင်းရှိ သူငယ်ချင်းတစ်ဦးထံသို့ အလည်သွားရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သောအပတ်က ရောက်ရှိနေခြင်း ဖြစ်သည်။

ခမ်းအား ၂၀၀၃ခုနှစ်တွင် လန်ဒန်မြို့ အရှေ့ဘက်၌ အသတ်ခံခဲ့ရသော အမာဂျစ်ဆိုင်းနှင့် ၎င်း၏တူမ ရာဂျင်ဒါဆိုင်းတို့အား သတ်ခဲ့မှုဖြင့် စကော့တလန်ရဲဌာနက အလိုရှိနေသူဖြစ်ကြောင်း ရိုက်တာသတင်း၏ ဖော်ပြချက်အရ သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

သစ်တောပြုန်းတီးမှုနှင့် ရာသီဥတုပြောင်းလဲမှု ကမ္ဘာ့စွတ်စိုသစ်တောများ၏ ဂေဟစနစ် ပျက်စီးနိုင်

ဝါရှင်တန် ဩဂုတ် ၁၀

သစ်တောပြုန်းတီးမှုနှင့် ရာသီဥတု ပြောင်းလဲမှုတို့ကြောင့် ကမ္ဘာ့သစ်တောများအတွင်းမှ ဂေဟစနစ် ၈၀ရာခိုင်နှုန်းကို ပျက်စီးကွယ်ပျောက်သွားစေနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်ဟု ဩဂုတ် ၁၀ရက်က အစီရင်ခံစာတစ်စောင်တွင် ဖော်ပြပါရှိသည်။

တွက်ဆ

ကမ္ဘာ့ပူအိုက်စွတ်စိုသည့် သစ်တောများအတွင်းမှ ဂေဟစနစ်များ၌ အကျုံးဝင်သည့် သစ်ပင်နှင့် တောရိုင်းတိရစ္ဆာန်များအနက် ၂၁၀၀ပြည့်နှစ်အရောက်တွင် ယနေ့ မျက်မှောက်အရေအတွက်၏ ၁၈ရာခိုင်နှုန်းမှ ၄၅ရာခိုင်နှုန်းအထိသာ ကျန်ရှိနိုင်တော့မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ လက်ရှိအခြေအနေကို မထိန်းသိမ်း၊ မတားဆီးလျှင် ယင်းသို့ဖြစ်လာလိမ့်မည်ဟု သိပ္ပံပညာရှင်များက တွက်ဆထားသည်။ **(အင်တာနက်)**

နိုင်ငံခြားသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း နှင့် ဝင့်မာသွင်။

အစ္စရေးတို့ ဖမ်းဆီးထားသည့်သင်္ဘော တူရကီဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိ

အစ်ကန်ဒီရန် ဩဂုတ် ၁၀

နိုင်ငံတကာရေပိုင်နက်၌ တိုက်ခိုက်ခံရပြီးနောက် အစ္စရေးတို့ ဖမ်းဆီးထားသည့် ဂါဇာသို့ အကူအညီပေးမည့် မာဗီမာမာရာသင်္ဘောသည် ဩဂုတ် ၇ရက်က တူရကီနိုင်ငံတောင်ပိုင်း အစ်ကန်ဒီရန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ကပ်လာကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာ သတင်းဌာနက ထုတ်ပြန် ကြေညာသည်။

ယင်းအစ်ကန်ဒီရန်မြို့ ဆိပ်ကမ်းသို့ ဩဂုတ် ၆ရက်က အခြားသင်္ဘော တစ်စင်း ဆိုက်ကပ်ပြီး ဩဂုတ် ၇ရက် နှောင်းပိုင်းက တစ်စင်းထပ်မံ ဆိုက်ကပ်ခဲ့သည်ဟု ဆိုသည်။

ဆုံးဖြတ်

အစ္စရေးတို့ဘက်မှ မေ၃၁ရက်က တူရကီ အကူအညီပေးရေး သင်္ဘော၁သုံးစင်းကို ဖမ်းဆီးထားပြီး ပြန်လွှတ်ရန် ဇူလိုင် ၂၃ရက်က ဆုံးဖြတ်ခဲ့ပြီးနောက် ယခုမှ ပြန်လွှတ်လိုက်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ ယင်းတိုက်ခိုက်ခဲ့မှုအတွင်း မာဗီမာမာရာသင်္ဘောမှ တူရကီနိုင်ငံသား ရှစ်ဦးနှင့် တူရကီရှိ အမေရိကန်နိုင်ငံသား တစ်ဦးတို့ သေဆုံးခဲ့မှုအပေါ် ကမ္ဘာ့တစ်ဝန်းက ဝေဖန်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ကမ်းလွန်၌ သင်္ဘောနှစ်စင်းတိုက်မိ

ကွန်တိန်နာတင်သင်္ဘော တိမ်းမှောက်နစ်မြုပ်

မွမ်ဘိုင်း ဩဂုတ် ၁၀

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ကမ်းလွန်တွင် ဩဂုတ် ၆ရက်က သင်္ဘောနှစ်စင်း တိုက်မိခဲ့ရာ ကွန်တိန်နာများတင်ဆောင်လာသော သင်္ဘောတစ်စင်းနစ်မြုပ်သွားကြောင်း အိန္ဒိယရေကြောင်းအရာရှိများက ဩဂုတ် ၁၀ရက်၌ ပြောကြားသည်။ (အပေါ်ပုံ)

နေရာ

အဆိုပါသင်္ဘောနှစ်စင်းမှာ ကွန်တိန်နာများတင်ဆောင်လာသော သင်္ဘောတစ်စင်းနှင့် အခြားကုန်တင်သင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ခြင်းဖြစ်သည်။ သင်္ဘောနှစ်စင်းတိုက်မှု ဖြစ်ပွားသည့်နေရာမှာ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ကမ်းလွန် အာရေဗီယံပင်လယ်ရေပြင်၌ ဖြစ်သည်။

ကယ်ဆယ်

အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့နှင့် အိန္ဒိယရေတပ်မှသင်္ဘောများက ကုန်တင်သင်္ဘောနှစ်စင်းတိုက်မှုဖြစ်ပွားသည့်နေရာသို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ (အင်တာနက်)

ကနေဒါနိုင်ငံ မွန်ထရီရယ် မြို့၌ ကမ္ဘာ့ ဒီဇိုင်းပုံစံ အလှဆုံး အဆောက်အအုံများတွင် တစ်ခုအပါအဝင်ဖြစ်သော လူနေအဆောက်အအုံ တစ်ခုကို ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

နယူးယောက်မြို့၌ လုံခြုံရေးကင်မရာများ တပ်ဆင်မည်

အမေရိကန်နိုင်ငံ နယူးယောက်မြို့ မြေအောက်ရထားနှင့် ဘူတာရုံများတွင် လုံခြုံရေးကင်မရာများ အပြည့်အစုံတပ်ဆင်တော့မည်ဖြစ်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကို ကြိုတင်ကာကွယ်ရန်အတွက်ဖြစ်ကြောင်း နယူးယောက်မြို့ရဲတပ်ဖွဲ့က ဩဂုတ် ၁၀ရက် ၌ ပြောကြားသည်။

သီရိလင်္ကာ၌ ပထမဆုံး ကမ်းလွန်ရေနံတွင်းတူးမည်

သီရိလင်္ကာနိုင်ငံ အနောက်မြောက်ပိုင်းကမ်းလွန်တွင် နိုင်ငံ၏ ပထမဆုံးကမ်းလွန်ရေနံတွင်းတစ်တွင်းကို လာမည့် ဇန်နဝါရီမှစတင်ကာ တူးဖော်ရန် စီစဉ်ထားကြောင်း သီရိလင်္ကာစွမ်းအင်အရာရှိများက ဩဂုတ် ၁၀ရက်၌ ပြောကြားသည်။

အာဂျင်တီးနား၌ အားကစားရုံပြိုကျ

အာဂျင်တီးနား ဗျူနိုအေရိစ်မြို့တွင် အားကစားရုံတစ်ရုံ ဩဂုတ် ၁၀ရက်က ပြိုကျမှုဖြစ်ပွားရာ ရှစ်ဦးဒဏ်ရာရရှိပြီး ကျန် ၁၀ဦးမှာ အပျက်အစီးများအတွင်း ပိတ်မိနေဆဲဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အိန္ဒိယရေလွှမ်းမှု၌ တောင်ကိုရီးယားလေးဦး ပျောက်ဆုံး

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၁၀ရက်က ရေလွှမ်းမှုဖြစ်ပွားရာ တောင်ကိုရီးယားနိုင်ငံသားလေးဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပင်န္နာတူကျွန်း ကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဗင်န္နာတူကျွန်း နိုင်ငံကမ်းလွန်တွင် ဩဂုတ် ၁၀ရက် နံနက်က ရစ်ချ်တာစကေး ၇ဒသမ၅ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဗင်န္နာတူနိုင်ငံမြို့တော် ပို့ဗီလာ၌ နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

တရုတ်မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဒီအင်မူအမည်ရှိ မုန်တိုင်း ဩဂုတ် ၁၀ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

နယူးယောက်လေဆိပ်၌ အကြမ်းဖက်သူတစ်ဦးအားဖမ်းဆီး

အမေရိကန်နိုင်ငံ နယူးယောက်မြို့လေဆိပ်၌ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးစားသူတစ်ဦးအား လေဆိပ်လုံခြုံရေးတပ်ဖွဲ့က ဩဂုတ် ၁၀ရက်၌ ဖမ်းဆီးလိုက်ကြောင်း နယူးယောက်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ယူရေနီယံသန့်စင်ရေးလုပ်ငန်း အီရန်ဆက်လုပ်နေ

အီရန်နိုင်ငံသည် ယူရေနီယံသန့်စင်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်နေကြောင်း၊ ထိုသို့ ပြုလုပ်ရာတွင် စက်အသစ်များဖြင့် အသုံးပြုနေကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီမှ တာဝန်ရှိသူများက ဩဂုတ် ၁၀ရက်၌ ပြောကြားသည်။

နီပေါအနောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

နီပေါနိုင်ငံအနောက်ပိုင်း ဘာရာဘီဆာရွာတွင် ဩဂုတ် ၁၀ရက်က မြေပြိုမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး နေအိမ်အချို့ ပျက်စီးသွားကြောင်း နီပေါအရာရှိများက ဩဂုတ် ၁၀ရက်၌ ပြောကြားသည်။ ။ (အင်တာနက်)

---

* *ကျောဖုံးမှ*

''ပွင့်ဖြူမြို့နယ်၌ စီမံကိန်းအဓိက သီးနှံ ခြောက်မျိုးဖြစ်သည့် စပါး၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာတို့ကို ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်ရာတွင် ၂၀၀၉-၂၀၁၀ခုနှစ်၌ မိုးစပါး ၇၁၁၇၆ ဧကနှင့် နွေစပါး ၅၄၁၁၉ဧက စုစုပေါင်း ၁၁၀၅၇၆ ဧက စိုက်ပျိုးနိုင်ခဲ့၍ ဒေသ ဝမ်းစာဖူလုံမှု မြင့်တက်ခဲ့ပါကြောင်း၊ စိုက်ပျိုးရေကို မဲဇလီ ရေလွှဲဆည်၊ ကျေးလက်ဆည်များနှင့် စက်ရေတင်များမှ ရရှိကြောင်း၊ အလားတူ ဒေသထွက် စားသုံးဆီစိုက်ဧက ဖ၈၅၈၇ဧကဖြစ်ပြီး ၆၆၂၃မက်ထရစ်တန် ထွက်ရှိ၍ စားသုံးဆီဖူလုံမှုသည်လည်း မြင့်တက်ခဲ့ကြောင်း၊ ၂၆-၁၀-၂၀၀၉ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂနှင့် လယ်ယာစိုက်ပျိုးရေးဌာနတို့မှ ကြီးမှူးပြုလုပ်သော (F.A.O) ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပွဲတွင် ပွင့်ဖြူမြို့နယ်သည် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုအဖြစ် ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရပါကြောင်း'' ရှင်းပြပြောဆိုသည်။

''နွေစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆု ရရှိခဲ့ပါတယ်''။
ဦးလှဌေး
ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ပွင့်ဖြူမြို့နယ်။

နေထိုင်

ပွင့်ဖြူမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀တွင် တည်ရှိပြီး အရှေ့မှ အနောက်သို့ မိုင် ၅၀နှင့် မြောက်မှတောင်သို့ မိုင် ၂၀ခန့်ရှည်လျားသည်။ စတုရန်းမိုင်ပေါင်း ၄၇၀ဒသမ ဝ၄၁ မိုင်ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ရေနံချောင်းမြို့နယ်၊ အနောက်ဘက်တွင် စေတုတ္တရာ၊ ငဖဲမြို့နယ်၊ တောင်ဘက်တွင် မင်းဘူး(စကု)မြို့နယ်၊ မြောက်ဘက်တွင် စလင်းမြို့နယ်တို့ တည်ရှိသည်။ လူဦးရေ ၂၁၆၀၀၀ နေထိုင်သည်။

မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်က မြို့နှင့်ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ထားရှိပုံကိုရှင်းပြရာ ''ပွင့်ဖြူမြို့နှင့်ကျေးရွာပေါင်း ၂၀၅ရွာတွင် တွင်းနက်၊ တွင်းတိမ်၊ လက်တူးတွင်းပေါင်း ၁၀၅တွင်း တူးဖော်သုံးစွဲနေပြီဖြစ်ကြောင်း၊ ပုဂ္ဂလိကပိုင်ရေတွင်း ၈၂၁၃ တွင်းနှင့် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက တူးဖော်ပေးသော ရေတွင်း ၄၂တွင်း ရှိသည့်အပြင် ဧရာဝတီမြစ်၊ မုန်းချောင်း၊ မဲဇလီဆည်မြောင်းမကြီးများ ဖြတ်သန်းစီးဆင်းနေသည့် ဒေသဖြစ်၍ သောက်သုံးရေ အခက်အခဲ လုံးဝမရှိသော မြို့နယ်ဖြစ်ပါကြောင်း''ဖြင့် ရှင်းပြပြောဆိုသည်။

ရှင်းပြ

မြို့နယ်၏ ပညာရေးတိုးတက်မှုနှင့် ပတ်သက်၍ မြို့နယ်ပညာရေးမှူး ဦးချစ်ဆွေက ''မြို့နယ်အတွင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း ၁၈၄ ကျောင်းရှိပြီး ကျောင်းနေရာခိုင်နှုန်းမှာ ၁၀၀ရာခိုင်နှုန်းဖြစ်ကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မှာ ဖြေဆိုသူ ၁၄၁၂ဦးရှိပြီး ၇၂၆ဦး အောင်မြင်သဖြင့် အောင်ချက်ရာခိုင်နှုန်း ၅၁ဒသမ၄၂ ဖြစ်ရာ တိုင်းအဆင့်တွင် ၂၀၀၉ခုနှစ်က ပွင့်ဖြူမြို့သည် ဒုတိယရရှိခဲ့ပြီး၊ ယခု ၂၀၁၀ခုနှစ်တွင် တတိယရရှိခဲ့ကြောင်း'' ကို ရှင်းပြသည်။

ဆောင်ရွက်

မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသံဒိုင်က ''ပွင့်ဖြူမြို့နယ်တွင် လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေနှင့် ဥယျာဉ်မြေ စိုက်ပျိုးမြေဧက ၁၃၂၁၈၂ ဧကရှိကြောင်း ၊ တောရိုင်းမြေဧက ၂၅၈၃၀ နှင့် စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ၇၈၆၄၂ ဧကရှိကြောင်း ၊ တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့အစည်းများကလည်း မြေယာများ ဖော်ထုတ်ကာ စိုက်ပျိုးလျက်ရှိပါကြောင်း'' ပြောပြသည်။ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ချစ်က ''၂၀၀၉-၂၀၁၀ခုနှစ် သီးနှံစိုက်ဧကသည် ၃၅၉၀၂ဧက ဖြစ်သဖြင့် သီးနှံစိုက်စွမ်းအားသည် ၂၇၁ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေး၊ တောင်သူလယ်သမားများ၏ တစ်ဦးချင်း ဝင်ငွေတိုးတက်စေရေးတို့အတွက်ဆောင်ရွက်လျက်ရှိကြောင်း'' ဖြင့် ရှင်းပြသည်။

ကွင်းဆင်းရေးသား

ပွင့်ဖြူမြို့နယ်၌ ချည်မျှင်နှင့်အထည်စက်ရုံ၊ ပုဂ္ဂလိက ဝါကြိတ်စက်ရုံ၊ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်နှင့် အခြားလုပ်ငန်းအမျိုးမျိုးရှိနေခြင်းကြောင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေပြီဖြစ်သည်။ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု မြင့်မားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်သည်လည်း တစ်တပ်တစ်အား ပါဝင်ပြီး ယခင်ကနှင့်မတူ ဖွံ့ဖြိုးစည်ပင် တိုးတက်နေပြီဖြစ်ပါကြောင်းကို မျက်မြင်ကိုယ်တွေ့ ကွင်းဆင်းရေးသားတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ရိတ်သိမ်းပြီး နှမ်းစပါးများကို စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေကြသည်ကို ဇူလိုင် ၂၈ရက်က ကုန်းဇောင်းကျေးရွာအနီး တွေ့ရစဉ်။

သွေးလွန်တုပ်ကွေး မဖြစ်ရေး ခြင်အန္တရာယ်ကာကွယ်ပေး

ရန်ကုန် ဩဂုတ် ၁၀

နေ့၊ ညမရွေး ခြင်ကိုက်ခံရမှုကြောင့် ဖြစ်ပွားရသော သွေးလွန်တုပ်ကွေးရောဂါဘေးဆိုးကြီးမှ ကင်းဝေးစေရန် အသက်သာဆုံးဈေးနှုန်းနှင့် အထိရောက်ဆုံး စွမ်းဆောင်မှုရှိသည့် ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးကို လက်လှမ်းတမီ ရရှိအသုံးပြုနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

ခြင်ကိုက်ခံရမှုကြောင့် ဆိုးရွားသည့် သွေးလွန်တုပ်ကွေးရောဂါ မခံစားရအောင် ဖုံး၊ သွန်၊ လဲ၊ စစ် နည်းလမ်းဖြင့် လည်းကောင်း၊ အဘိတ်ဆေးခတ်၍ လည်းကောင်း၊ အခိုးအငွေ့များဖြင့်လည်းကောင်း၊ ခြင်ရိုက်တံဖြင့်လည်းကောင်း ကာကွယ်မှုပြုလျက်ရှိကြသည်။

လုံးဝကာကွယ်ပေး

ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးသည် သဘာဝ စပါးလင်ဆီမွှေးကို အခြေခံ၍ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော စနိုးဖြစ်သည်။ မွေးကင်းစအရွယ်မှ အိုမင်းသည့်အရွယ်ထိ ခန္ဓာကိုယ် အကာအကွယ်မဲ့သော နေရာတိုင်းတွင် လိမ်းထားရုံဖြင့် ခြင်နှင့်ပိုးမွှားများ ကိုက်ခြင်းမှ လုံးဝကာကွယ်ပေးသည်။

အာရုံစူးစိုက်

အသားအရေကို ထိခိုက်စေသော ဓာတုဆေးဝါးများ မပါဝင်၍ အန္တရာယ်ကင်းစွာ လိမ်းနိုင်ရုံသာမက အသားအရေကို ချောမွေ့စေသည်။ စွန်းထင်းခြင်း မရှိသည့်အတွက် ဝတ်ဆင်ထားသည့် အဝတ်အစား၌ပါ သုတ်လိမ်းထားခြင်းဖြင့် ခြင်အန္တရာယ်မှ ကာကွယ်နိုင်သည်။ အခိုးအငွေ့နည်းဖြင့် ကာကွယ်ခြင်းသည် လူသွားလေရာနောက် ယူဆောင်မသွားနိုင်ခြင်း၊ မီးဘေးအန္တရာယ်ရှိခြင်း၊ ခြင်ရိုက်တံဖြင့် မရပ်မနား ရိုက်နေရခြင်း စသည့် ဆောင်ရွက်ဖွယ်ရာများရှိသော်လည်း ခြင်နိုင်မင်းသည် စနိုးဖြစ်၍ လိမ်းထားရုံဖြင့် ခြင်အန္တရာယ်မှ ကာကွယ်ပေးနိုင်သည်။ စာပေသင်ကြားခြင်းနှင့် လုပ်ငန်းဆောင်တာများ အာရုံစူးစိုက်ဆောင်ရွက်နိုင်သည်။

ဆက်သွယ်နိုင်

ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေး (ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0112 Y 009469)သည် အသုံးပြုရန်နှင့် သယ်ယူသိမ်းဆည်းရန် လွယ်ကူပြီး တရားစခန်း တရားထိုင်သူများ၊ ကလေးငယ်များရှိသည့် ပရဟိတဂေဟာများ၊ နေ့ကလေးထိန်းဌာနများ၊ စာသင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ စသည်တို့သို့ လှူဒါန်းလိုသူများနှင့် ကိုယ်စားလှယ်အဖြစ် တစ်ဆင့်ဖြန့်ဖြူးလိုသူများ၊ ဝယ်ယူအသုံးပြုလိုသူများသည် နဂါးနှစ်ကောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အမှတ် ၇၇၆ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဝါးတန်းလမ်းအနီး လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၃၈၆၀ နှင့် ၂၂၅၇၆၁ နှင့် နေပြည်တော် တပ်ကုန်း ဖုန်း-၀၆၇-၇၀၂၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အသက် ၃၄ နှစ်ရှိ အက်စတတ်ဖ်ဖို့ဒ်သည် ၂၀၀၈ခုနှစ် ဧပြီ ၂ရက်မှစပြီး ပီရူးနိုင်ငံ တောင်ပိုင်းမှ ခရီးစတင်ခဲ့ကြောင်း၊ ခရီးမိုင်ပေါင်း ၄၂၀၀ လမ်းလျှောက်ခရီးနှင်ခဲ့ကြောင်း လမ်းတစ်လျှောက် ပီရူးနှင့် ကိုလံဘီယာနိုင်ငံတို့ကို ဖြတ်သန်းခဲ့ပြီး ဘရာဇီးနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ကြောင်း၊ ခရီးစဉ်တစ်လျှောက် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကုန်ကျခဲ့ရာ တာဝန်ယူသော ကုမ္ပဏီများကပေးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ခြင်ကိုက်ခံရမှုကြောင့် ဖြစ်ပွားရသည့် သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရန် သဘာဝ စပါးလင်ဆီမွှေးကို အခြေခံ၍ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးဘူးများကို တွေ့ရစဉ်။

(သတင်းစဉ်)

ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံတည်ဆောက်ရေးစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၇ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ရန်ကင်းမြို့နယ် ကံဘဲ့ရပ်ကွက် သစ္စာလမ်းရှိ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံတည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဆေးရုံတည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တံခွန်စိုက်ဆုများပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်တက္ကသိုလ် (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ဇုန်အဆင့် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ပထမရရှိသော ဒဂုံတက္ကသိုလ်ဘော်လီဘောအသင်းနှင့် ရန်ကုန်ဇုန်(၂)တွင် ပထမရရှိသော တောင်ဥက္ကလာပတက္ကသိုလ်ဘော်လီဘောအသင်းတို့အား တံခွန်စိုက်ဆုများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့လမ်းရှိ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၀

လိုင်စင်မဲ့ကား အခွန်ဆောင်မှာလား၊ မြဝတီမှာ လိုင်စင်မဲ့ကားအခွန်ဆောင်လို့ မရတော့ဘူးနော် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၄၀)ကို ဖြန့်ချိလိုက်သည်။

မိဘများ၏ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်နှင့်ပတ်သက်၍ မျိုးစန္ဒီကျော်မှ ပြန်လည်ဖြေရှင်းပြောကြား၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းလ်ဖုန်းလိုင်းပေါင်းလေးသိန်းထပ်မံတပ်ဆင်မည်၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ကြိုးဖုန်း(လိုင်းဖုန်း)များ တစ်ပတ်အတွင်းတပ်ဆင်ပေးနေ၊ နေနဲ့လ ရွှေနဲ့မြကဲ့သို့ လိုက်ဖက်တဲ့သူတို့ ၂၀၁၁ ဇန်နဝါရီလမှာ စုလျားရစ်ပတ်လက်ထပ်တော့မယ်၊ ပင်လယ်စားပြများ ဖမ်းဆီးခဲ့ရပုံနှင့်ပတ်သက်၍ UBT Ocean မှ ဒုတိယအင်ဂျင်နီယာ ဦးတင်ဟန်က ရှင်းလင်းပြောကြား၊ Asean Energy Award ဆုရ ကောင်းကျော်စေကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၀အတွင်း မထသမှ City Bus အစီးရေ ၃၀၀ တင်သွင်းရန်ရှိ၊ အိန္ဒိယရှိ TATA Motors ကုမ္ပဏီနှင့်ပူးပေါင်း၍ ဆလွန်းကားများထုတ်လုပ်မည်၊ ဝါကာဝါကာ မေခလာကြော်ငြာ ကြေညာ၊ စပွန်ဆာတွေကို အသိလေးနဲ့နေစေလို၊ မြန်မာအင်ဂျင်နီယာများတည်ဆောက်သည့် တန် ၁၀၀၀ သင်္ဘောရေချတော့မည်၊ မြန်မာအပါအဝင် အာရှရှစ်နိုင်ငံသို့ လောင်စာစွမ်းအင်ချွေတာသည့်နည်းပညာနှင့် စက်ကိရိယာပစ္စည်းများ ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့သွားမည်၊ မြဝတီမြို့တွင် ဖုံးပေါက်၍ နှစ်ဦးသေဆုံး၊ တရုတ်နိုင်ငံ ဒုံးပျံသစ်များက အမေရိကန်ကို စိန်ခေါ်နေ၊ လေဆာရောင်ခြည်နှင့် အလင်းစနစ်ပေါင်းစပ်တီထွင်ထားသည့် အဝေးကြည့်မှန်ပြောင်း အရီဇိုးနားတက္ကသိုလ်က အောင်မြင်စွာတီထွင်၊ ၂၀၀၈ ခုနှစ်မှ Wikileaks ဝက်ဘ်ဆိုက် အထောက်အထားများကို ဖျက်ဆီးရန် အမေရိကန်ထောက်လှမ်းရေးကြံစည်၊ အီရန်နိုင်ငံနှင့် စစ်ပွဲဖြစ်ပွားရန်သတင်းများ ထွက်ပေါ်လာစသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၀

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိန်လှိုင်နှင့် ဦးသက်ထွန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု ခုနစ်မှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည်။

ကြားနာ

ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇူလိုင် ၁၅ရက်က ခရိုင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းအောင်က ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မဖူးပြည့်စုံအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်စဉ်။ (၁၂၁)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ သထုံမြို့၌ တိုးချဲ့ဖြန့်ဝေ

သထုံ ဩဂုတ် ၁၀

သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနတို့က ကြီးမှူး၍ ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာဦးစီးဌာနက ထောက်ပံ့ပေးအပ်သော အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို သထုံမြို့နယ်အတွင်းရှိ ကျေးရွာများသို့ တိုးချဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ဇူလိုင် ၂၃ရက်က သထုံမြို့နယ် အားကစားခန်းမ၌ ကျင်းပရာ ခရိုင်တိုင်းရင်းဆေးမှူး ဦးပြေထွန်းက အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ တိုးချဲ့ဖြန့်ဝေခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်၊ ခရိုင်တိုင်းရင်းဆေးမှူး ဦးပြေထွန်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်ချိုဝေလွင်၊ မြို့နယ်တိုင်းရင်းဆေးမှူး ဦးဇော်မိုးထွေးနှင့် တာဝန်ရှိသူတို့က ကျေးရွာ ၁၀၆ရွာအတွက် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ၁၀၆ လုံးကို ကျေးရွာအလိုက်ထောက်ပံ့ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့နေ အာရှတော်ဝင်ဝန်ထမ်းများနှင့် သူငယ်ချင်းများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၄၁၆၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၄)ရပ်ကွက် ပင်လုံလမ်းနေ ဦးကျော်မြင့်-ဒေါ်ကျင်စီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဩဂုတ် ၃ရက်က ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

မိုးသောက်ပန်းဂျာနယ် ထွက်ပြီ

ရန်ကုန် ဩဂုတ် ၁၀

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော မိုးသောက်ပန်းဂျာနယ် ဩဂုတ် ၁၀ရက်ထုတ် အတွဲ(၁၃)၊ အမှတ်(၂၆)တွင် ကာတွန်းတင်အောင်နီ၏ ပြိုင်ပွဲ၊ ကာတွန်းဆန်းထွန်း၏ မှတ်ကြီးရဲ့ မိုးတစ်ည၊ ကာတွန်းဇောဟန်၏ ရန်ပိုင်စိုးနှင့် အကြံကောင်း၊ ကာတွန်းကျော်ဆွေ၏ ရွှေပောင်းယမင်းရုပ်၊ ကာတွန်းမြေရိုင်း၏ မျက်နှာဖုံးရှင်၊ ကာတွန်းမြေဇာ၏ မေမေမရှိတုန်း၊ ကဗျာကဏ္ဍတွင် ခန့်မှူးပိုင်(ဓာတု)၏ မိုးဦးမြင်ကွင်း၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ နှစ်ဖက်ရှုံးတံငါသည်အကြောင်းနှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် ဆုဒိုခုပြိုင်ပွဲများနှင့် အတူ ကဏ္ဍစုံ၊ ရသစုံနှင့်ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ် ၁၈၁၊ ၃၂လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်းနှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း ၁၅ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းတို့နှင့် ဖုန်း-၃၇၁၂၄၄ နှင့် ၅၅၈၂၇၃တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်တွင်းကြီး မြို့မဈေးအတွင်း မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာစန်းစန်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးမင်းစည်သူ ဦးဆောင်သော ဝန်ထမ်းများ ဇူလိုင် ၂၈ရက်က အိုင်အိုဒင်းဆား ရောင်းချမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အနေတတ် အသေမြတ်** တရားတော်(ပထမပိုင်း) (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၇၄)
၈:၄၀	မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၁၀) (ဇော်ဝင်းထွဋ်)
၉:၂၀	Activities in the City - ယောနယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ - အမှတ်(၁) စက်မှုဝန်ကြီးဌာန ပစ္စည်းအမယ်သစ်များမိတ်ဆက်ပွဲ
၉:၅၀	အားကစားမြင်ကွင်းစုံ
၁၀:၄၀	မြန်မာစာ၊ မြန်မာစကား
၁၀:၅၀	Industrial Talk
၁၁:၂၅	ဓာတ်ပုံထဲမှ အမှတ်တရများ (တစ်ခိုင်လုံးရွှေ အေးအေးမြင့်)
၁၂:၀၀	စားပွဲသဘင်ဖန်သားပြင် [စာရေးဆရာချစ်နိုင်(စိတ်ပညာ)]
၁၂:၄၀	နူးညံ့လှပတေဇဂုဏ်ယိမ်းအက
၁၂:၄၅	မြသီတင်နှင့်တစ်ပြင်မခြား၊ ရွှေယွန်းနားဝယ်
၁:၀၀	**အနေတတ် အသေမြတ်** တရားတော်(ပထမပိုင်း) (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (သားလေးမွေးတာကောင်းတယ်၊ သမီးလေးမွေးတာကောင်းတယ်)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၄)
၄:၂၀	တေးဂီတအစီအစဉ်
၄:၃၀	ဥယျာဉ်မှူးတို့အစွမ်းဖြင့် ပွင့်လန်းလာမည့်ပန်းကလေးများ
၄:၅၀	ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၅:၀၀	ရန်ကုန်မြင်ကွင်းကျယ် (Swatch Counter Opening)
၅:၂၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူ မွေးမြူတို့အတူ (လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း)
၅:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	Hip Hop Acoustics Live Show (Part-1)
၇:၁၀	ဓာတ်ပုံထဲမှ အမှတ်တရများ (တစ်ခိုင်လုံးရွှေ အေးအေးမြင့်)
၇:၄၀	ရန်ကုန်မြင်ကွင်းကျယ် (Swatch Counter Opening)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (သားလေးမွေးတာကောင်းတယ်၊ သမီးလေးမွေးတာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၄)
၁၀:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅	Sports World
၁၀:၅၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ခင်မောင်သွင်)
၁၁:၂၅	Industrial Talk
၁၁:၅၅	စားပွဲသဘင်ဖန်သားပြင် [စာရေးဆရာချစ်နိုင်(စိတ်ပညာ)]
၁၂:၃၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၀ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်

နိုင်ငံတော်အစိုးရသည် ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ **'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားရေး'** ဟူသော လူမှုရေးဦးတည်ချက်ဖြင့် ကျန်းမာရေးမူဝါဒများချမှတ်၍ ရည်မှန်းချက်ကြီး(၂)ရပ်၊ လုပ်ဆောင်ရန်နည်းနာ (၃)ရပ်တို့နှင့် ကျောင်းသားလူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် **'ကျောင်းနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးလုပ်ငန်း'** စီမံချက်ဖြင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ကျောင်းသား ကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများဖြစ်သည့် ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းကာ ကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်ကလေး ကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းတို့အား စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှ၊ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တစ်ဖန် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် နှစ်စဉ် ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် ကျန်းမာရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ၂၀၁၀ခုနှစ် ဩဂုတ် ၉ရက်မှ ၁၄ရက်အထိ သတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။

လူငယ်ကျန်းမာနိုင်ငံ့ရတနာ

စင်စစ်နိုင်ငံတော်အတွက် အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာ ကျောင်းသားလူငယ်များအတွက် ဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေးလုပ်ငန်းသည် အလွန်အရေးပါလှသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းကို ကောင်းမွန်တိုးတက်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းနှင့် အကျိုးများစေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးမှာ ကျောင်းကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် အဖွဲ့ဝင်အားလုံးက တူညီတဲ့ရည်မှန်းချက်၊ လုပ်နည်းလုပ်ဟန်တို့နှင့် ပါဝင်ဆောင်ရွက်ကြဖို့ (Global School Health Initiative) ဆိုပြီး ၁၉၉၅ ခုနှစ် ကတည်းက စတင်လှုံ့ဆော် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံ၏အချက်အချာအကျဆုံးနှင့် အရေးကြီးဆုံးအုပ်စုဖြစ်သည့် ယနေ့ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုနှင့် မှုမှန်သည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည်ဖြစ်ပါသည်။ အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းက ဆိုသလို အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းကပင် ဖြစ်ပါသည်။

ကျောင်းကျန်းမာရေးလုပ်ငန်း၏ရည်ရွယ်ချက်

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေး ဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်း ရည်ရွယ်ချက်များ ပေါက်မြောက်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊

(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝ (Healthy living life Style) ပိုင်ရှင်များဖြစ်လာစေရန်၊

(ဂ) ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများအား စောစီးစွာ ရှာဖွေကုသပေးရန်၊

(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊

(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ် ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊

ဒေါက်တာအောင်ထွဏ်း (ကျန်းမာရေးဦးစီးဌာန)

(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်။

တစ်နိုင်ငံလုံး ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှု လွှမ်းခြုံနိုင်ရေး

တစ်ဖန် နှစ်စဉ်တိုးတက်များပြားလာသော ကျောင်းနှင့်ကျောင်းသားဦးရေတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျောင်းကျန်းမာရေးအဖွဲ့ ၈၀နှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများမှ သက်ဆိုင်ရာဒေသအလိုက် (မြို့မ/ကျေးလက်) ကျောင်းကျန်းမာရေးလုပ်ငန်းကို တစ်နိုင်ဆောင်ရွက်စေခြင်းဖြင့်လည်းကောင်း အကောင်အထည်ဖော်လျက် ရှိပါသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ၁၉၉၆ခုနှစ်မှစတင်၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်းစီမံချက်ကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ ကျောင်းနှင့်ကျောင်းသားကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အစဉ်အမြဲ တိုးတက်မြင့်မားအောင် ဆောင်ရွက်နေသောလုပ်ငန်းပင်ဖြစ်သည်။ စင်စစ်ဤလုပ်ငန်းသည် ယခင်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်းများအား လက်ရှိအခြေအနေနှင့် ပြုပြင်ရေးဆွဲ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်သာ ဖြစ်ပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးစီမံချက်အရ သမားရိုးကျ ကျောင်းကျန်းမာရေးလုပ်ငန်းအား ကျောင်းသားသူငယ်များ ငယ်ရွယ်စဉ်မှစတင်၍ မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာလုံးအတွက် ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ကျန်းမာရေးအဆင့်မြှင့်လုပ်ငန်းစဉ်များကို ပြောင်းလဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြို့နယ်တိုင်းတွင် နှစ်စဉ် ကျောင်းအုပ်များအား ကျောင်းကျန်းမာရေးသင်တန်းပို့ချ၍ စာသင်နှစ်တစ်နှစ်အတွက် ကျောင်းအလိုက်လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

မြို့နယ်များရှိ ကျောင်းကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများမှ ဒေသအလိုက် ကျောင်းများသို့ ကွင်းဆင်း၍ အောက်ပါကျောင်းကျန်းမာရေးလုပ်ငန်းကြီး(၉)ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း

(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း

(၃) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း

(၄) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ်ကင်းဝေးရေးလုပ်ငန်း

(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

(၆) ကျောင်းမှ ပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များရောက်ရှိရေးလုပ်ငန်း

(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း

(၈) သင်တန်းနှင့်သုတေသနလုပ်ငန်း

(၉) ကျောင်းအားကစားနှင့်ကာယလုပ်ငန်း

၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်နေသည့် ဆေးလိပ်ကင်းဝေးရေးကျောင်း၊ အမှိုက်ကင်းစင်ကျောင်းနှင့် ကျောင်းကျန်းမာရေးစံပြကျောင်းများ ဖြစ်ထွန်းရေးလုပ်ငန်းများကို ဆရာ၊ ကျောင်းသားများနှင့်တကွ နီးနွယ်ဌာန၊ အဖွဲ့အစည်းအားလုံး လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် မိခင်ကလေး ကျောင်းကျန်းမာရေးဆရာဝန်ကြီးတို့က မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများနှင့်အခြေခံကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲလျက် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ် ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုအား မြို့နယ်၊ တိုင်းနှင့် ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲများနှင့်အတူ ပူးတွဲဆန်းစစ် ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းအဆင့်တွင် ဆရာ ဆရာမများသည် ကျန်းမာရေးအဆင့်မြှင့် ကျောင်းထူထောင်ရေးသင်တန်းမှ ရရှိလာသော အသိပညာများဖြင့် အတန်းတိုင်းတွင် ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်များကို ဦးစားပေး ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

ယခုအခါ ၁၉၉၆ ခုနှစ်က စတင်ခဲ့သည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးစီမံချက်အား မြို့နယ်အားလုံးတို့တွင် လွှမ်းခြုံအကောင်အထည်ဖော်လျက်ရှိပါသည်။

ကျောင်းအခြေပြု မြန်မာနိုင်ငံသန်ကောင်ရောဂါကာကွယ်ရေးစီမံချက်

ကျောင်းအခြေပြု မြန်မာနိုင်ငံသန်ကောင်ရောဂါကာကွယ်ရေး စီမံချက်ကို ၂၀၀၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်၏ ရည်ရွယ်ချက်မှာ သန်ချဆေးတိုက်ကျွေးခြင်းဖြင့် မူလတန်းကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရန်၊ ကျောင်းတက်မှန်၍ ဉာဏ်ရည်မြင့်မားလာစေရန်နှင့် သန်ကောင်ရောဂါကာကွယ်ရေး အသိအမြင်များရရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုအလေ့အထများ ပိုမိုဖြစ်ထွန်းလာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်း၏ ရည်စူးအုပ်စုမှာ အခြေခံပညာကျောင်းများရှိ မူလတန်းကျောင်းသား ကျောင်းသူအားလုံးဖြစ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ဩဂုတ်လနှင့် ဇန်နဝါရီလများတွင် သန်ချဆေး Albendazole (400)mg တိုက်ကျွေးလျက်ရှိပါသည်။ သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက တာဝန်ယူတိုက်ကျွေးပြီး ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများက ကူညီပံ့ပိုးသူများအဖြစ် ဆောင်ရွက်ပေးပါသည်။

ကျောင်းပြင်ပ ဆယ်ကျော်သက်လူငယ်များအတွက် ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိ

ကျောင်းသားလူငယ်များသာမက ကျောင်းပြင်ပ ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာရေးပြဿနာများ လျှော့ချပေးနိုင်ရန်အတွက် ဆယ်ကျော်သက်လူငယ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို ကျောင်းကျန်းမာရေးဌာနများကို အခြေပြုဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၀၁-၂၀၀၆မှစတင်၍ ဆယ်ကျော်သက်လူငယ်ကျန်းမာရေးလုပ်ငန်းစီမံချက်အဖြစ် သီးခြားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ဆယ်ကျော်သက်လူငယ်ကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာလုပ်ကိုင်နိုင်စေရန်အတွက် ဆယ်ကျော်သက်လူငယ် ကျန်းမာခြင်းနှင့်ဖွံ့ဖြိုးခြင်းဆိုင်ရာ ငါးနှစ်စီမံကိန်း(၂၀၀၉-၂၀၁၃)ကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ ပါဝင်ကူညီမှုဖြင့် ရေးဆွဲနိုင်ခဲ့ပြီး ဆယ်ကျော်သက်လူငယ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၀ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအစီအစဉ်များ

ကျောင်းကျန်းမာရေးသီတင်းပတ်ဖြစ်သော ၂၀၁၀ ခုနှစ် ဩဂုတ် ၉ရက်မှ ၁၄ ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်/တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ ကျောင်းကျန်းမာရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာကျောင်းအလိုက် အောက်ပါကျောင်းကျန်းမာရေးလုပ်ငန်းစဉ် (၅)ရပ်ကို အထူးဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊

(ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊

(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊

(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊

(င) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း။

ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာပြီးပါက အသက်အရွယ်အလိုက် ရှိသင့်သည့် အတိုင်းအတာထက် လျော့နည်းနေသူများအား သီးခြားအချိန်ယူ၍ အသေးစိတ်ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကုသရေးနှင့် ကျွေးမွေးပြုစုရေး အစီအစဉ်များကို ဆောင်ရွက်ကြပါမည်။

၂၀၁၀ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်၏ ထူးခြားချက်မှာ ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အခြေခံပညာကျောင်းအလိုက် အောက်ပါ သန်ကောင်ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ပါသည်-

(က) သန်ချဆေးတိုက်ကျွေးခြင်း၊ သန်ကောင်ရောဂါ ကာကွယ်ရေးပညာပေးခြင်း၊ ကျန်းမာရေးဗဟုသုတများ ဖြန့်ဝေခြင်း (သန်ချဆေးတိုက်ကျွေးခြင်းကို ဩဂုတ်လတွင် တစ်ကြိမ်၊ ဇန်နဝါရီလတွင် တစ်ကြိမ် တိုက်ကျွေးခြင်း)

(ခ) စာစီစာကုံးရေးသားခြင်းနှင့် အာဟာရဗဟုသုတများ ယှဉ်ပြိုင်ဖြေဆိုစေခြင်း၊

(ဂ) အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းနှင့် အိုင်အိုဒင်းချို့တဲ့ရောဂါဆိုင်ရာ အသိပညာများဖြန့်ဝေပေးပြီး အိုင်အိုဒင်းဆားသုံးစွဲမှုကို မြှင့်တင်ခြင်း။

ကျန်းမာ၊ ပညာ၊ လူမှုရေးအဖွဲ့များနှင့် မိဘပြည်သူများပူးပေါင်း၊ ကျောင်းသား ကျောင်းသူများ၏အနာဂတ်ကောင်း

နိဂုံးချုပ်အားဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများမှတစ်ဆင့် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းယူကြမည့် ရင်သွေးရတနာ ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပညာရေးနှင့်နီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မတ္တရာမြို့နယ် လက်ကောင်းကြီးကျေးရွာ၌ မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ပေါင်းစပ်ဖြည့်ဆည်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မတ္တရာမြို့နယ် ဥက္ကံရပ်ကွက်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ကျွန်းပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေး-မတ္တရာ-စဉ့်ကူး လမ်းပိုင်းအခြေအနေနှင့် လမ်းတစ်လျှောက်ရှိ တံတားများကြံ့ခိုင်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး စဉ့်ကူးမြို့နယ် ရွှေပြည်ရွာ၌ တိုက်ရိုက်အစေ့ချ မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျေးရွာမိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် မန္တလေး-သပိတ်ကျင်းလမ်း လမ်းအကျယ်တိုးချဲ့ပြီး ကျောက်စီလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သပိတ်ကျင်းမြို့ တွင်းငယ်ကျေးရွာ တိုက်နယ်ဆေးရုံ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဩဂုတ် ၆ရက်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ စိုက်ပျိုးရေးသုတေသနနှင့် တစ်သျှူးအလုပ်ရုံ၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာဆိပ်ကမ်း၌ ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ထီးချိုင့် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးပဒေသာပင် အလှူငွေနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ထီးချိုင့်မြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ထီးချိုင့်မြို့နယ် ရွှေပြည်သာခန်းမ တည်ဆောက်ပြီးစီးမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ထီးချိုင့်မြို့နယ် ကွင်းကြီးကျေးရွာ၌ မိုးစပါးစိုက်ခင်းအား စုပေါင်းမြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၏ မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်ချက်များ မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ ထီးချိုင့်မြို့နယ် အလည်တောကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်ကာ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် အင်းတော်မြို့ လည်ပြင်ကျေးရွာ၌ ဒေသခံတောင်သူများ စုပေါင်းမြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် အင်းတော်-ကသာလမ်း လမ်းတိုးချဲ့၍ ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကသာမြို့နယ် စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်ထားရှိမှုနှင့် ကသာ-စင်းခန်း-ဗန်းမော် လမ်းပိုင်း ဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းအခြေပြု မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပညာပေးသူ သင်တန်းအမှတ်စဉ် (၂/၂၀၁၀) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သားဖွားခန်းအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးသူ သင်တန်းအမှတ်စဉ်(၂/၂၀၁၀)ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် IPPF/BMZ တို့ပူးပေါင်းဆောင်ရွက်သည့် သားဖွားခန်း အခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ဆွေးနွေးပညာပေးသူနှင့် ပျို့ရွယ်သူအချင်းချင်း ပညာပေးသူ သင်တန်းအမှတ်စဉ် (၂/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပညာပေးသူသင်တန်းများ ပို့ချရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ အသင်းပိုင် သားဖွားခန်းရှိသော စစ်ကိုင်းတိုင်းမှ ကလေး၊ ကလေးမြို့နယ်(စခန်းကြီး)၊ တမူး၊ ရွှေဘို၊ ကသာ၊ ဟုမ္မလင်းနှင့် ခန္တီးမြို့နယ်တို့မှ သင်တန်းသား ၇၀ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၉ရက်မှ ၁၁ရက်အထိ သုံးရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Computer Networking With Windows 7 သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၀

NetInfo နည်းပညာသင်တန်းကျောင်းက Computer Networking သင်တန်းကို Microsoft Windows 7 အသုံးပြု၍ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

အခြေခံကောင်း

Windows 7 ကို အခြေခံမှစ၍ အဆင့်မြင့် Network များ ချိတ်ဆက်နိုင်ရန်၊ မိမိတို့ အသုံးပြုနေသော ကွန်ပျူတာများကို အကျိုးရှိရှိပိုမိုအသုံးပြုနိုင်ရန်၊ System Problem များကို ကိုယ်တိုင်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတကာ အသိအမှတ်ပြု Certificate Exam များ ဝင်ရောက်ဖြေဆိုနိုင်ရန် သင်ကြားပေးမည်ဖြစ်ပြီး Windows 7 အခြေခံ Networking Certificate ဖြစ်သော MCTS စာမေးပွဲကို ဖြေဆိုနိုင်လျှင် Server 2008 MCITP Certificate ကိုရရှိရန် လိုအပ်သော စာမေးပွဲ ငါးခုအနက် တစ်ခုကို ဖြေဆိုပြီးဖြစ်မည်။ နိုင်ငံတကာတွင် Networking အလုပ်အကိုင်အတွက် လိုအပ်သော Certificate များ၌ တစ်ခုအပါအဝင်ဖြစ်သည့် MCITP ကို ဆက်လက်လေ့လာနိုင်ရန် လိုအပ်သော အခြေခံကောင်းများ ရရှိမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် Windows 7 Installation, Configuration, Maintenance, Trouble Shooting များကို အသေးစိတ် သင်ကြားပေးမည်ဖြစ်ပြီး ကျောင်းသားတစ်ဦးစီသည် မိမိတို့သင်ယူနေသော Course အတိုင်း လက်တွေ့ဦးစားပေးစနစ်ဖြင့် ကွန်ပျူတာများကို စိတ်ကြိုက်စမ်းသပ်သုံးစွဲနိုင်ရန် Dual Core System LCD များဖြင့် သင်ကြားပေးသည်။

ထိုသင်တန်းသို့ ကွန်ပျူတာအခြေခံရှိသော တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများ၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာ တက္ကသိုလ်ကျောင်းသားများနှင့် Networking ကို Professional အဖြစ် လုပ်ကိုင်လိုသူများ၊ Computer Service ဆိုင်များတွင် Technician အဖြစ် လုပ်ကိုင်လိုသူများ တက်ရောက်သင့်သည်။

လက်ခံသင်ကြား

ယင်းသင်တန်းကို ဩဂုတ်၁၄ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဌာနဆိုင်ရာ IT ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ မိမိတို့၏လုပ်ငန်းခွင်အတွင်း Network စနစ်များကို နားလည်သဘောပေါက်ပြီး တက်ရောက်နိုင်ရန် ရည်ရွယ်၍ (စနေ၊ တနင်္ဂနွေ) တစ်ပတ်လျှင် နှစ်ရက်တက်ရောက်ရမည်။ တန်းခွဲတစ်ခုလျှင် သင်တန်းသားဦးရေ ၁၈ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်သည်။

အသေးစိတ်သိလိုပါက NetInfo နည်းပညာသင်တန်းကျောင်း အဆောင်(၄) အခန်း(၂) မြန်မာအင်ဖိုတက်ခ်လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၀၇၀၄၅နှင့် ၆၅၂၂၉၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ အောင်ဇေယျလမ်းမကြီး(ဂေါက်ကွင်းနှင့် အိုးဘိုတောင်ရေထိန်းတံခါးအကြား) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဩဂုတ်၂ရက်တွင် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့် ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်နှင့် လမ်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ-၂(မြို့ပြ)တို့က လိုက်လံရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအားကစားအဖွဲ့ စင်ကာပူနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး ဦးဆောင်သည့် မြန်မာအားကစားအဖွဲ့ဝင် ရှစ်ဦးတို့သည် စင်ကာပူသမ္မတနိုင်ငံတွင် ဩဂုတ် ၁၄ရက်မှ ၁၆ရက်အထိ ကျင်းပမည့် ပထမအကြိမ် လူငယ်အိုလံပစ် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့နံနက် ၁၀နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ယှဉ်ပြိုင်မည်

အဆိုပါ မြန်မာအားကစားအဖွဲ့ဝင်များသည် မြားပစ်၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒိုနှင့် အလေးမပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းအားကစားအဖွဲ့ဝင်များအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် တစ်ဦးထံမှ အလှူငွေများကို လက်ခံစဉ်။ (နယ်စပ်/စည်ပင်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် တစ်ဦးထံမှ အလှူငွေများကို လက်ခံစဉ်။ (နယ်စပ်/စည်ပင်)

❒ *ရှေ့ဖုံးမှ*

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ဒေါ်တင်အုန်းမြင့်၊ သား မောင်ခန့်သူဇော်တို့က ငွေကျပ်ငါးသိန်း၊ International Beverages Trading Co., Ltd. (IBTC) နှင့် နတ်ကန်လည်ကျေးရွာ ကျေးရွာသူ ကျေးရွာသားများက ငွေကျပ် ၁၈၉သိန်း၊ ချမ်းမြေ့ရေကြည် ရေတွင်း အလှူရှင်အသင်းက ငွေကျပ်သိန်း ၇၀၊ ဆရာတော် ဦးတိလောက က ငွေကျပ် ၅၆ ဒသမ ၃၅ သိန်းနှင့် စက်ပစ္စည်း တန်ဖိုး ငွေကျပ် ၇၇ ဒသမ ၁၅သိန်း စုစုပေါင်း ငွေကျပ် ၁၃၃ဒသမ ၅သိန်း၊ ဦးတင့်ဆန်း- ဒေါက်တာဌေးဌေးငြိမ်း (အေစီအီးကုမ္ပဏီ လီမိတက်)၊ ထူးထရေးဒင်းကုမ္ပဏီ လီမိတက်နှင့် Europe & Asia Commercial Co., Ltd. တို့က ငွေကျပ်သိန်း ၅၀စီနှင့် မက်စ်မြန်မာ ကုမ္ပဏီအုပ်စုက ငွေကျပ်၃၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးသာဌေး၊ ဒေါ်ကြည်ခင်၊ Original Group Co., Ltd.၊ အေဝမ်းကုမ္ပဏီနှင့် တီဇက်တီအမ်ကုမ္ပဏီတို့က ငွေကျပ် သိန်း ၃၀စီ၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်းဆွေမိသားစု၊ WEG ကုမ္ပဏီက ငွေကျပ် ၂၇ သိန်း၊ Moon Ray ကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီ၊ အင်းစိန်ဈေးသူဈေးသားများနှင့် ဓမ္မမိတ်ဆွေများပါဝင်သော မေတ္တာနဒီအဖွဲ့တို့က ငွေကျပ် ၂၅သိန်းစီနှင့် ဖခင်ကြီး ဦးမျိုးမြင့်အားရည်စူး၍ ဒေါ်တင်တင်ဝင်းနှင့်မိသားစုတို့က ငွေကျပ် ၂၃ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လက်ခံ

ထို့နောက် ဒေါက်တာသောင်းစိန်-ဒေါက်တာလှလှဝေ၊ သား စိုးထက်ဝေ Melbourne, Australia က ငွေကျပ် ၂၀ ဒသမ ၅ သိန်း၊ ရွှေတောင်ကုမ္ပဏီ၊ ဦးပြည့်ဖြိုးလွင်-ဒေါ်ယဉ်ဥမ္မာမျိုး Kinetic Art Co.,Ltd.၊ ဦးသိန်းအောင်၊ သိဏ်းကုမ္ပဏီ၊ ဦးစိုင်းတစ်အောင်၊ နောင်တုံကုမ္ပဏီနှင့် ပန်းတိုင် ဦးသန်းမောင်-ဒေါ်သီသီခင်၊ ပန်းတိုင် စာပေမိသားစုတို့က ငွေကျပ် သိန်း ၂၀စီ၊ ဦးချစ်ခိုင်-ဒေါ်စမ်းစမ်းတင်မိသားစုက ငွေကျပ် ၁၆ သိန်းနှင့် တက်လမ်းကုမ္ပဏီက ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ ဦးမျိုးအောင်-ဒေါ်မျိုးမျိုးမင်း၊ ယုပန်းမြိုင်မြေယာရှခင်းကုမ္ပဏီတို့က ငွေကျပ် ၁၅သိန်း၊ ကွယ်လွန်သူ ဦးသန်းအား ရည်စူး၍ ကျန်ရစ်သူဇနီးဒေါ်မြသိန်း၊ သားသမီးများဖြစ်သော ဦးစိုးကိုကို-ဒေါက်တာသင်းသင်းမွန်၊ ဦးတင်မောင်ဆွေ၊ မြေး မောင်ကောင်းထက်မိသားစု၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီနှင့် Golden Flower ကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီ၊ ရွှေသပြေကုမ္ပဏီက ငွေကျပ် ငါးသိန်းနှင့် နေပြည်တော် သစ်သယ်ယူရေးအဖွဲ့က ငွေကျပ် ၁၀သိန်း၊ ဟန်စိန်သန့်ကုမ္ပဏီ၊ ရှင်မေဃ (ဦးထွန်းမွေ)- ဒေါ်ဖွားစိန်နှင့် ဦးကံအေး-ဒေါ်သိန်းခတို့အား ရည်စူး၍ ဒေါက်တာ စိန်တင် (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့) - ဒေါ်ညွန့်ညွန့်ရွှေ မိသားစုနှင့် ကွယ်လွန်သူ ဒေါ်လှကြီးအား ရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ငွေကျပ် ၁၀ သိန်းစီတို့ကို ပေးအပ်လှူဒါန်းရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီ၊ ဒေါက်တာ ဇော်ထွန်း Universal ဆောက်လုပ်ရေးကုမ္ပဏီ၊ ဇေင်အုပ်စုကုမ္ပဏီ လီမိတက်၊ ဦးနော်အောင်၊ အောင်ချမ်းသာ Construction & Services Co.,Ltd.၊ မန်းပြည်တံခွန်ကုမ္ပဏီ၊ ဗိုလ်မှူးကြီးအောင်မင်းသိန်း- ဒေါ်နွဲ့နွဲ့ဝင်း၊ သားမောင်ဖြိုးမင်းသုတမိသားစုနှင့် နှစ်ဖက်သော မိဘများအမှူးထား၍ ဦးစိုးရန်နိုင်၊ ဒေါ်ကြည်ကြည်ညွန့်၊သမီး မဆုလာဘ်ရန်နိုင်မိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကိုပေးအပ်လှူဒါန်းရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးစိုးဟန်-ဒေါ်မိုးမိုးသက် သမီး မစုနန္ဒာဟန်မိသားစု၊ ဒေါ်ခင်စန်းရီ ပါမောက္ခ ဇီဝဗေဒဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)နှင့် မောင် ဒေါက်တာစိုးဝင်း (Ph.D) (Chemical Engineering)၊ ဒေါ်သန်းရွှေ၊ ဒေါ်တင်ရှိန်မိသားစု၊ ကွယ်လွန်သူ ကြည်း-၁၀၉၅၃ ဒုတိယဗိုလ်မှူးကြီး ကျော်လွင်အားရည်စူး၍ ဇနီး ဒေါ်နွဲ့နွဲ့အေးနှင့် သားသမီးမြေးတစ်စု၊ မိဘများအား အမှူးထား၍ ဦးဝင်းဇော်ဦး-ဒေါ်ခင်ငြိမ်းမူ၊ သားမောင်ဟိန်းထက်၊ မိဘများအားအမှူးထား၍ ဦးတင်ဦး-ဒေါက်တာနုနုလင်း၊ သားမင်းစိုးသူ၊ သမီးဆုမြတ်တင်ဦး မိသားစု၊ ဒေါက်တာစိုးဝင်း-ဒေါက်တာမြင့်မြင့်ကြူ၊ သမီး သန္တာစိုးဝင်း၊ ဝေယံစိုးဝင်း မိသားစု၊ နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုဇော်ငြိမ်းဦး-မနိုင်နိုင်လေးမိသားစု၊ ဒေါ်စန်းစန်းဝင်း၊ သမီးမအေးအေးလှိုင်၊ သားမောင်ရန်မျိုးအောင်၊ စေတနာကုန်စုံဆိုင် မိသားစုနှင့် ဦးခင်မောင်ယဉ်-ဒေါ်ပန်းသင်၊ မောင်သီဟ-မအိဖြူစိုး၊ မောင်သန့်အောင်စိုး၊ မောင်ဉာဏ်လင်းအောင်မိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးဖိုးကျား (ဘုရင်မ)ကြက်သွန်ဖြူရောင်းဝယ်ရေး၊ ကွယ်လွန်သူ ဒေါ်တင်တင်ဦး၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဗဟိုသုတေသနလုပ်ငန်းအဖွဲ့၊ သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ဦးချီလင်ဟိုး-ဒေါ်ငေါ်ဖိတ်ဟုန်မိသားစုအား ရည်စူး၍ ဒေါ်ယဉ်မော် သားသမီးမြေးတစ်စု၊ ဒေါ်တင်လှ သားသမီးမြေးတစ်စု၊ မိဘများဖြစ်ကြသော ဦးရှာလိုင်တီ၊ ဒေါ်ကြည်ကြည်၊ ဒေါ်စိန်လှတို့အား ရည်စူး၍ ဦးရှာကျင်းဟင်း၊ ဒေါ်ရှာကြူလွမ်း၊ ဦးမြင့်လွင်-ဒေါ်အေးမြင့်မောင်နမ မိသားစုများကောင်းမှု၊ ဦးတင်ဝင်း-ဒေါ်မြတ်မြတ်မူနှင့်သမီး မထူးသန္တာဝင့်၊ မသိမ့်သီဂီဝင့် မိသားစု၊ တရားရေးဝန်ထမ်း လုပ်ငန်းဝင်သင်တန်း အပတ်စဉ်(၃) နှစ်ဆယ့်ငါးနှစ်မြောက် ငွေရတုအထိမ်းအမှတ်၊ ဒေါ်ထွေးကြည်၊ ကွယ်လွန်သူ ကျေးဇူးရှင်များအားရည်စူး၍ ဒေါ်သောင်းနွဲ့မိသားစုနှင့် အဖဦးအရင်၊ အမိ ဒေါ်နှမ်းတို့အတွက် ရည်စူး၍ သားသမီးမြေးတစ်စုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒေါ်သန်းသန်းစိန်၊ ဦးမောင်ကြူနှင့် ဒေါ်သန်းသန်းဌေး၊ ဦးသန်းဇော်မြင့်-ဒေါ်ချစ်ချစ်၊ သားမောင်လင်းမင်းမြတ်မိသားစု၊ ဦးကျော်မွေး-ဒေါ်ယင်းမာမိသားစု၊ ဦးသန်းထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ငြိမ်း၊ECC) ဒေါ်ဝင်းကြည် (ဆေး-၁၊ ငြိမ်း) မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ခရမ်းပြာမြေယာရှခင်းကုမ္ပဏီ၊ ပန်းသခင်မြေယာရှခင်းအဖွဲ့၊ ဇမ္ဗူထွန်း မြေယာရှခင်းကုမ္ပဏီ၊ ထိုက်သူပန်မြေယာရှခင်းအဖွဲ့တို့က ငွေကျပ်သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ကျင်းပသည့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၈) ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၁၁၁ ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၂၄၃၄ဒသမ ၃၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အလှူရှင်များကိုယ်စား ချမ်းမြေ့ရေကြည် ရေတွင်းအလှူရှင်အသင်း ဒေါ်မီမီသွင်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရှိရေးအတွက် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာ၌ စည်ပင်သာယာရေးဦးစီးဌာနက ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော် ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ရန်ပုံငွေအပြင် စေတနာရှင်ပြည်သူများမှ လှူဒါန်းငွေ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များမှ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း၊ အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်နေသကဲ့သို့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု အကျိုးဆက်အရ အခြား ရေခက်ခဲသော ပြည်နယ်/တိုင်းများနှင့် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်း ရေငန်ဒေသများ ပါမကျန် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆက်လက်တူးဖော်

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပထမဦးစားပေးအဖြစ် ကျေးရွာများအနေဖြင့် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းစီ ဆောင်ရွက်ပေးနိုင်ပြီးဖြစ်ကြောင်း၊ ရေဖူလုံရေးအတွက် ကျေးရွာ၏ အိမ်ခြေလူဦးရေပေါ်မူတည်ပြီး စက်ရေတွင်းများ ကျေးရွာတစ်ရွာလျှင် တစ်တွင်းမှ နှစ်တွင်း၊ သုံးတွင်းအထိ ဆက်လက် တူးဖော်ပေးရန်ကိုလည်း လိုအပ်ကြောင်းမှာကြားလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အလှူရှင်များသည် ခင်းကျင်းပြသထားသည့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုအားပေးကြသည်။

၁၉၉၉ ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲက ရေခက်ခဲသော အပူပိုင်းဒေသတိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀ နှစ် စီမံကိန်းဖြင့် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်အရ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသောသောက်သုံးရေ မရရှိသော ကျေးရွာပေါင်း ၈၀၄၂ ရွာနှင့် အခြားပြည်နယ်/တိုင်း ၁၄ခုတို့တွင် ၁၅၁၈၃ ရွာ၊ တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာစုစုပေါင်း ၂၃၂၂၅ ရွာတို့ကို သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည်ဟုစာရင်းကောက်ယူရရှိခဲ့ကြောင်း။

ဆောင်ရွက်ပေးနိုင်

ယခုအချိန်တွင် အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ ရွာ ၁၀၀ ရာခိုင်နှုန်းအားလည်းကောင်း၊ အခြားပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၁၅၁၈၃ ရွာ ၁၀၀ ရာခိုင်နှုန်းအားလည်းကောင်း သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ပြည်နယ်နှင့်တိုင်းအားလုံးရှိ ကျေးရွာပေါင်း ၂၃၂၂၅ ရွာ ၁၀၀ ရာခိုင်နှုန်းကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ရေပေးရေးလုပ်ငန်းများအတွက် အဖွဲ့ရန်ပုံငွေမှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းငွေကျပ် ၁၀၄၈၅ ဒသမ ၂၀သန်း သုံးစွဲခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၅၃၂ ဒသမ ၀၈ သန်း လျာထား သုံးစွဲလျက်ရှိကြောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသတိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ၃၄ မြို့နယ်၊ မကွေးတိုင်းတွင် ၂၅ မြို့နယ်၊ မန္တလေးတိုင်းတွင် ၂၃ မြို့နယ် စုစုပေါင်းမြို့နယ် ၈၂ မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံးသန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ခရိုင် ၁၉ ခရိုင်ကို ခရိုင်လုံးကျွတ် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစေရန် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းမှ နှစ်တွင်း၊ နှစ်တွင်းမှသည် သုံးတွင်းရရှိအောင် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ အဆိုပြိုင်ပွဲ
၇:၅၀ ၆။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၈။ **ကွန်ရက်သဖွယ် ယှက်နွယ်ထား သီရိမင်္ဂလာခုံးကျော်တံတား**
၈:၂၀ ၉။ တေးသရုပ်ဖော်အစီအစဉ်
၈:၃၀ ၁၀။ တေးဂီတအစီအစဉ်
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ **စပါးကရွှေ၊ ငါးကငွေ**
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၁၅ ၃။ အတီးပြိုင်ပွဲ
၄:၂၅ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅ ၇။ သီချင်းကြီးပဒေသာ
၅:၁၅ ၈။ **နောက်မကျရအောင်**
၅:၂၅ ၉။ တေးဂီတအစီအစဉ်
၅:၃၅ ၁၀။ ကဏ္ဍစုံလင် အားကစား အစီအစဉ်
၅:၅၀ ၁၁။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၄၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၁၅ ၁၆။ ရာသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇:၄၅ ၁၇။ ပြန်ကြားရေးဝန်ကြီးဌာန (နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတွဲဖက်ဖျော်ဖြေတင်ဆက်မှု)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ဒို့လက်တွေတွဲထား [Mဆိုင်း၊ တေးရေး-စိုးသီဟ (ရောင်စဉ်လှိုင်း)]
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၇)
၂၃။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ **ဥဂ္ဂသေနဇာတ်တော်ကြီးပြိုင်ပွဲ** (ဒုတိယဆု) (မန္တလေးတိုင်း) (ပထမပိုင်း)
၂၄။ အစီအစဉ်ပြီး၏။

မူးယစ်ဆေးဝါး အလွဲသုံးမှုကြိုတင်တားဆီးကာကွယ်ရေး ဗဟုသုတနှင့်သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်ပွဲကို စမ်းချောင်းမြို့နယ် ကျွန်းတော ဓမ္မာရုံတွင် သရုပ်ပြပွဲ၊ ဟောပြောပွဲများဖြင့် ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) မှဗဟိုအလုပ် အမှုဆောင်ဦးတင်ထွဋ် ဆွေးနွေး ဟောပြောစဉ်။ (၁၀၃)

ရခိုင်ကမ်းရိုးတန်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် သြဂုတ် ၁၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

သြဂုတ် ၁၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုံးစီးတိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဩဂုတ် ၃ရက် နံနက်ပိုင်းက ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာ မုံးစီးတိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အမွှေးနံ့သာရည် ပက်ဖျန်းပေး

ရှေးဦးစွာ တာဝန်ရှိသူတို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြကာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံဝင်းအတွင်း၌ အမှတ်တရသစ်ပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် စေတနာရှင် အလှူရှင်များက ဆေးပဒေသာပင် အလှူငွေများကို တိုင်းမှူးထံ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် တာဝန်ရှိသူတို့က ဆေးရုံနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းအတွင်း ချည်မျှင်နှင့်အထည်စက်ရုံများ

ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၇ရက် မွန်းလွဲပိုင်းက မြန်မာ့အထည်အလိပ်လုပ်ငန်း မြင်းမူဝါကြိတ်စက်ရုံသို့ ရောက်ရှိပြီး ဝါကြိတ်စက်နှင့် ဘေထုပ်စက်များ၏ ကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်း ချည်မျှင်နှင့် အထည်စက်ရုံသို့ ရောက်ရှိပြီး စောင်စက်အလုပ်ရုံ၌ စောင်များ ရက်လုပ်မှုနှင့် စက်ရုံမှ ရက်လုပ်သည့် စောင်များကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ပင်မစက်ရုံ၌ စက်ရုံမှူးက စက်များ အသစ်လဲလှယ်တပ်ဆင်၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ဝါဖန်ဌာန၊ ချည်မျှင်ဌာန၊ ရက်ကန်းဌာန၊ ကုန်ချောစစ်ဆေးရေးဌာနတို့၏ လုပ်ငန်းများနှင့် စက်ရုံမှ ထုတ်လုပ်ထားသော ပိတ်အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ် ဂုံညင်းတန်းကျေးရွာ

မြတ်ဂုဏ်ရည်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တိုက်ကြီး ဩဂုတ် ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂုံညင်းတန်းကျေးရွာတွင် ဩဂုတ် ၈ရက် နံနက် ၁၀နာရီက မြတ်ဂုဏ်ရည် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သီတာစမ်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မြို့နယ်အတွင်းရေးမှူး ဒေါ်သီတာစမ်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းပန်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ

လင်းခေးခရိုင်ဥက္ကဋ္ဌ ကွင်းဆင်းဆောင်ရွက်

လင်းခေး ဩဂုတ် ၁၀

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေသည် ခရိုင်မြေစာရင်း ဦးစီးဌာနမှူး ဦးမြင့်ဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့်ခရိုင်စာရင်းစစ်မှူး ဦးမြင့်ဆွေ၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးဌေးညွှန့်တို့ လိုက်ပါလျက် ဩဂုတ် ၃ရက် နံနက်၇နာရီက မိုင်းပန်မြို့နယ်သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့်အဖွဲ့သည် မိုင်းပန်မြို့နယ် ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၄ရက် နံနက် ၇နာရီက မိုင်းပန်မြို့မှ တာဆန်းကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး မိုင်းပန်-တာဆန်း-မိုင်းတုံသွားလမ်းနှင့် တံတားများ၏ ကြံ့ခိုင်မှုနှင့် လမ်းဘေးဝဲယာ ရေစီးရေလာမြောင်းများ တူးဖော်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လက်ခံယူ

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့တို့သည် တာဆန်းမှမိုင်းပန်သို့ အပြန် မိုင်တိုင်(၁၀၂/၆)ရှိ ရွာသာယာကျေးရွာရှိ စာသင်ကျောင်းအတွက် အလှူငွေကျပ်သုံးသောင်း လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် ကျောင်းအုပ် ဆရာမကြီးတို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၁-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဝါဒကောင်းမွန် ကောင်းကျိုးညွှန်
၇:၂၀ ၄။ ဓမ္မပူဇာတေး
၇:၂၅ ၅။ မျိုးချစ်တပ်မတော်
၇:၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၅ ၃။ အမျိုးသားရေး တေးကဗျာ
၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၅ ၁၄။ Mail Box
၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ**(အပိုင်း-၃၇)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၃၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်စရာရွှင်စရာဟာသပဒေသာ **ဖြစ်ချင်ဦးဟဲ့ သူဌေးခမည်းခမက်** ခိုင်ခန့်၊ ပေါ်လေး၊ အုန်းသီး၊ ချစ်စု၊ တာဇံ၊ နဒီဝင့်နိုင်၊ မျိုးမျိုးခိုင်၊ ထက်အိကလျာ၊ နှိုင်းယှဉ်မြင့်မိုရ် [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၇၀)
၂၅။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဩဂုတ် ၁ရက်က မြို့သာယာလှပရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းကျန်းမာရေး အန္တရာယ်ထိခိုက်နိုင်သော လုပ်ငန်းနေရာဌာနများ စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော် ဩဂုတ် ၅ရက်က လှိုင်မြို့နယ်အတွင်းရှိ ရေသန့်စက်ရုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၉)ကို ရန်ကုန်မြို့အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အိန္ဒိယ တာတာကားကုမ္ပဏီနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ဆလွန်းကားစီးရေတစ်သောင်း ထုတ်လုပ်မည်၊ မိဘများ၏ အမွေပြတ်စွန့်လွှတ်ခြင်းအပေါ် မျိုးစန္ဒီကျော်က ပြန်လည်ရှင်းလင်း၊ မြန်မာနှင့်တရုတ်ပူးပေါင်း၍ တန်ချိန်မြင့်သင်္ဘောများ တည်ဆောက်မည်၊ ရွှေမန္တလေးမှာ အိမ်ခြံမြေ ဈေးတွေလှုပ်ရှားနေ၊ City Bus စီးရေ ၃၀၀ ပုဂ္ဂလိကသို့ တင်သွင်းခွင့်ပေး၊ အင်းစိန် G.T.I ဝင်းရှိ ခုတင်(၁၀၀)ဆံ့ဆေးရုံက ၂၄နာရီ အခမဲ့ကုသပေးမည်၊ နေတိုးနှင့် မိုးယုစံတို့၏ လန်ဒန်အတွေ့အကြုံ၊ မြန်မာ့ပထမဆုံး G-talk ဆွေးနွေးပွဲ ပြုလုပ်ပေးမည်၊ အဲပုဂံက ပြည်ပခရီးစဉ်ငါးခု တိုးချဲ့ပျံသန်းမည်၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ရန် ဗီယက်နမ်လုပ်ငန်းရှင်များ လာရောက်မည်၊ နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ တိုက်ကွမ်ဒိုအားကစားရုံတည်ဆောက်မည်၊ Steel သီးသန့်ဖြင့် လိပ်ခုံးသဏ္ဍာန် အကြီးဆုံးခန်းမကြီးတည်ဆောက်နေ၊ ရေကြောင်းပညာ တက္ကသိုလ်တွင် မဟာတန်းများ ဖွင့်လှစ်နိုင်ရန်စီစဉ်နေ၊ မြန်မာအမျိုးသမီး လက်ဝှေ့ကျော်နှစ်ဦး ကမ္ဘာ့အဆင့်ပြိုင်ပွဲဝင်ရန် မကြာမီသွားရောက်မည်၊ ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်သို့ရောက်ခဲ့စဉ်က၊ နေမှမီးစွယ်ကြီးတစ်ခု ကမ္ဘာမြေဘက်သို့ လွင့်စဉ်လာ၊ နေမုန်တိုင်းကြီးတိုက်ခတ်မှုက ကမ္ဘာကို ရိုက်ခတ်နိုင်ကြောင်း နာဆာအဖွဲ့ သတိပေးချက်ထုတ်ပြန်၊ ငါးရှဉ့်အရှင် ခန္ဓာကိုယ်အောက်ပိုင်းမှ ဗိုက်ထဲဝင်၍ ခွဲစိတ်ခဲ့ရ၊ ရောမမိုးသီးကြီးများကျလာခဲ့ရာ အချင်းရှစ်လက်မအရွယ်အထိရှိ၊ လေဆိပ်ပေါ်၌ ဘောလုံးကွင်း အဆနှစ်ဆယ်ရှိသော ပန်းကန်ပြားပျံကြီး ဖြတ်သန်းသွား၊ ပရက်စလေဂုဏ်ပြု ဂီတအယ်လ်ဘမ်တွင် ရေဘဝဲပေါလ်၏ပုံကို မျက်နှာဖုံးအဖြစ်သုံး၊ ဂျယ်လီငါးများ အလုံးအရင်းနှင့် ရောက်လာသဖြင့် အပန်းဖြေကမ်းခြေများပိတ်လိုက်ရ၊ အိမ်သာတွင်းထဲ နှစ်ရက်ကြာပြုတ်ကျနေခဲ့ရသူ၊ နာအိုမီကင်းဘဲလ်က လိုင်ဘေးရီးယားသမ္မတဟောင်းထံမှ စိန်များ လက်ဆောင်ရရှိခဲ့ကြောင်း နိုင်ငံတကာတရားရုံး၌ ထွက်ဆို၊ လူ ၅၀ကျော်သေစေခဲ့ပြီးဖြစ်သည့် ရှုရှားတောမီးကြောင့် မော်စကိုတစ်မြို့လုံး မီးခိုးများ ဖုံးလွှမ်းနေ၊ ကမ္ဘာကျော် ဟစ်ဟော့ပ်အဆိုတော် သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်၊ ပါကစ္စတန်ရေဘေး လူ ၁၆၀၀ကျော် သေဆုံးပြီး ရေလွှမ်းမှုဒဏ်ခံရသူ ၁၄သန်း အထိရှိလာ၊ ယခုလ ၁၂/၁၃ ရက်များ၌ ဥက္ကာခဲများ မိုးရွာချသကဲ့သို့ အစုအပြုံလိုက် ကြွေကျခြင်းကို တွေ့မြင်ရမည်…စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့် အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အလုပ်အမှုဆောင်များ၊ အစုအဖွဲ့များမှ တာဝန်ရှိသူများ၊ စိုက်ပျိုး ထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင် တာဝန်ခံများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းနှင့် ကုန်သွယ်ရေးနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ဆွေးနွေးပွဲတွင် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာများ၊ နယ်မြေအလိုက်အစုအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ကုန်သည်ပွဲစားများနှင့် ပြည်ပတင်ပို့သူများ၏ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာကြောင်း၊ တွေ့ရှိရသည့် အတွေ့အကြုံများကို ဆွေးနွေးပွဲ၌ ညှိနှိုင်းပြီး စိုက်ပျိုးထုတ်လုပ်သည်မှ ဆွတ်ခူးမှု၊ ထုပ်ပိုးမှု၊ သယ်ဆောင်မှု၊ ဈေးကွက် တင်ပို့ရောင်းချမှု အဆင့်ဆင့်အပေါ် အားနည်းချက်များကို ပြုပြင်ပြီး အကျိုးစီးပွား ပိုမိုတိုးတက်ဖွံ့ဖြိုးရန် လက်တွေ့လုပ်ငန်းစဉ်များကို အချိန်ဇယားဆွဲ ဆောင်ရွက်သွားရေး မှာကြားခဲ့သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အစုအဖွဲ့ တာဝန်ခံများ၊ နယ်မြေ ဒေသအသီးသီးမှ စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများက ဆွေးနွေးညှိနှိုင်း၍ ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပပြီး နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းနှင့် အမြတ်ခွဲဝေ စာရင်းတို့ကို ဖတ်ကြားအတည်ပြုကြကာ အသင်းဝင် ၂၅၆ဦးတို့အား စုဆောင်းငွေအပေါ် အမြတ်ငွေများ ခွဲဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေး နှစ် နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိတ္တူကူးစက်များ တင်သွင်းဖြန့်ချီရောင်းချ

နေပြည်တော် ဩဂုတ် ၁၀

Concordia Int'l Co., Ltd. က မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် အဖြစ် တင်သွင်းဖြန့်ချိသော Xerox ကုမ္ပဏီမှ အရည်အသွေးမြင့် အကြမ်းခံမိတ္တူကူးစက်များရောင်းချပွဲကို ဩဂုတ် ၁၂ရက်မှ ၁၄ရက် သုံးရက်တိုင်တိုင် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတို့ရှိ Concordia Show Room များနှင့် အရောင်းကိုယ်စားလှယ်များထံတွင် ရောင်းချပေးသွား မည်ဖြစ်သည်။

ရောင်းချပေးမည်

အဆိုပါ Promotion ပွဲတွင် Fuji Xerox မှ ထုတ်လုပ်သော A0 Size မိတ္တူကူးစက်များ၊ A3 Size ကာလာ၊ အဖြူ၊ အမည်း မိတ္တူကူးစက်များ၊ 3 in 1, 4 in 1 မိတ္တူကူးစက်များ၊ A4,A3 လေဆာပရင်တာများ၊ ကာလာလေဆာပရင်တာများ၊ Projector များ၊ Electronic Copy Board များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်ဖြင့် A3 မိတ္တူကူးစက်တစ်လုံး ဝယ်ယူသူတိုင်းအတွက် စွမ်းရည်ပြည့် အဖြူ၊ အမည်း ပရင်တာတစ်လုံး မေတ္တာလက်ဆောင်ပေးခြင်း၊ Fuji Xerox ဝယ်ယူခဲ့သော Customer များအတွက် Toner, Drum, Cartridge များအား ၅ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိလျှော့ချ ရောင်းချပေးသွားခြင်းအပြင် နှစ်သက်သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် အထူးအခွင့်အရေး တစ်ရပ်အဖြစ် Fuji Xerox ၏ စွမ်းဆောင်ရည်မြင့် အရည်အသွေးကောင်းမွန်ခြင်းတို့ကို မိမိကြိုက်နှစ်သက်သလို Demo များကို စမ်းသပ်နိုင်ရန် စီစဉ်ထားရှိသည်။ **(သတင်းစဉ်)**

ရေနုတ်မြောင်းတူးဖော်

ဩဂုတ် ၈ရက်က နေပြည်တော် ပျဉ်းမနားပေါင်းလောင်း(၃)ရပ်ကွက် ရာဇဌာနီလမ်းဘေး ဝဲ /ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ တူးဖော်နေမှုကို အင်ဂျင်နီယာ ဌာနမှူးကြီး ဦးမျိုးအောင်နှင့် အင်ဂျင်နီယာဌာန (လမ်း၊ တံတား) ဌာနမှူး ဦးကျော်မြင့်တို့ ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

စပါးစံကွက်ရိတ်သိမ်းပွဲ မော်လမြိုင်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း ဩဂုတ် ၁၀

မော်လမြိုင်ကျွန်းမြို့နယ် တစ်မိုးနှစ်သီး(ပထမ)စပါးစံကွက်ရိတ်သိမ်းပွဲကို ဩဂုတ် ၈ ရက် နံနက်၉ နာရီက ညောင်တုန်းစုကျေးရွာအုပ်စု ညောင်တုန်းစုကျေးရွာ တောင်သူလယ်သမား ဦးမြင့်အေး၏ လယ်မြေ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

ထွက်ရှိ

အဆိုပါ တစ်မိုးနှစ်သီး (ပထမ) စပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးသိန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်မျိုးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ညောင်တုန်းစုကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ဒေသခံတောင်သူလယ်သမားများက သီးထပ်ရင် စပါးမျိုးအား စံကွက် ရိတ်သိမ်းအထွက်နှုန်း ရယူကြရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၇၂ ဒသမ ၀၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ရုရှား၌ တောမီးများဆက်လက်လောင်ကျွမ်း ဒေါ်လာ ၁၅ဘီလီယံဖိုး ဆုံးရှုံးမှုဖြစ်ပေါ်

မော်စကို ဩဂုတ် ၁၀

ရုရှားနိုင်ငံ အနောက်ပိုင်းနှင့် မော်စကိုမြို့ဝန်းကျင်တွင် တောမီးများလောင်ကျွမ်းလျက်ရှိရာ စီးပွားရေးအရ ဆုံးရှုံးမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ဘီလီယံအထိ ရှိသွားပြီဖြစ်ကြောင်း ရုရှားသတင်းစာတစ်စောင်တွင် ဩဂုတ် ၁၀ရက်က ဖော်ပြသည်။

မီးဘေးသင့်

အဆိုပါ တောမီးကြောင့် ရုရှားနိုင်ငံ၏ ဂျုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု သုံးပုံတစ်ပုံ ကျဆင်းစေမည်ဖြစ်ကြောင်း၊ ယင်းတောမီးကြောင့် မော်စကိုမြို့တွင် လူသေဆုံးမှု နှစ်ဆတိုးလာကာ နေ့စဉ် လူ ၇၀၀ခန့် သေဆုံး နေရကြောင်း နေ့စဉ်ထုတ် ရုရှား စီးပွားရေး သတင်းစာက ရေးသားဖော်ပြသည်။ (အောက်ပုံ) (အင်တာနက်)

ပါကစ္စတန်၌ရေကြီးမှု လူနှစ်သန်းခန့် အိုးအိမ်မဲ့ဖြစ်နေ

ဆွတ်ကာ (ပါကစ္စတန်) ဩဂုတ် ၁၀

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သော နှစ်ပတ်က မုတ်သုံမိုးများ ဆက်တိုက်ရွာသွန်းခဲ့သဖြင့် ရေကြီးမှုဖြစ်ပေါ်ကာ လူဦးရေ ၁၃ သန်းမှာ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့နေရဆဲဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အိုးအိမ်မဲ့

အဆိုပါ ရေကြီးမှုမှာ နှစ်ပေါင်း ၈၀အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း၊ ပါကစ္စတန်မြောက်ပိုင်းမှ တောင်ပိုင်းသို့ ရေလုံးကြီးများ အရှိန်အဟုန်ပြင်းစွာ စီးဆင်းခဲ့ပြီး ပြည်သူအများ ရေဘေးကြုံတွေ့နေရကြောင်း၊ သေဆုံးသူ ၁၆၀၀ကျော်ရှိပြီး လူနှစ်သန်းခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (အင်တာနက်)

တရုတ်ရေကြီးမြေပြိုမှု သေဆုံးသူ ၇၀၀ကျော်ရှိလာ

ပေကျင်း ဩဂုတ် ၁၀

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဂန်ဆုပြည်နယ်၌ ရေကြီးပြီး မြေပြိုမှုကြောင့် ဩဂုတ် ၁၀ရက်အထိ သေဆုံးသူ ၇၀၂ဦး ရှိသွားပြီဖြစ်ကြောင်း၊ လူ ၁၀၀၀ကျော် ပျောက်ဆုံးနေကြောင်း၊ အသက်ရှင်ကျန်ရစ်သူများအား ကယ်ဆယ်မှုများ ဆက်လက်ပြုလုပ်နေကြောင်း သိရသည်။ (အင်တာနက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

လာမည့် ဘောလုံးရာသီ၌ စောင့်ကြည့်ရမည့် လူငယ်ဘောလုံးသမားများ

❖ စုစည်းရေးသားသူ - အာကာဟိန်း ❖

❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း) ❖

လန်ဒန် ဩဂုတ် ၁၀

၂၀၁၀-၂၀၁၁ဘောလုံးရာသီ စတင်တော့မည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ထိပ်တန်းအသင်းများတွင် ကစားနေကြသည့် လူငယ်ကြယ်ပွင့် ဆယ်ကျော်သက်ကစားသမားများအနက် စောင့်ကြည့်ရမည့်လူငယ်ကြယ်ပွင့် ၁၀ဦးရှိသည်။ ယင်းလူငယ်ဘောလုံးသမားများအနက် အချို့ကိုစုစည်းဖော်ပြရပါလျှင်-

ကာကူတာ

ပြင်သစ်နိုင်ငံသား ဖြစ်သည်။ အသက် ၁၉နှစ်အရွယ်ရှိသည့် တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်မှစတင်ကာ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိကစားနေသူ ဖြစ်သည်။ ပြီးခဲ့သည့်ဘောလုံးရာသီ၌ ချယ်လ်ဆီးအတွက် ပရီမီယာလိဂ်ပွဲစဉ် လေးပွဲ ကစားပေးခဲ့သော်လည်း ယခုနှစ်၌ နည်းပြအန်ဆယ်လော့တီက ဦးစားပေးပွဲထွက်ကစားသမားစာရင်း၌ ထည့်သွင်းရန်စီစဉ်နေသည်။ လျင်မြန်ပြီး ပါဝါသုံး တိုက်စစ်ဆင်နိုင်သည့် လူငယ်ကစားသမားတစ်ဦးဖြစ်သည်။ ယခုနှစ်တွင် ခြေစွမ်းထက်မြက်လာမည့် လူငယ်တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

မင်ဆန်ဟွန်

အသက် ၁၈နှစ်အရွယ်ရှိ လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသားဖြစ်ပြီး လက်ရှိ၌ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဟမ်ဘာဂါအသင်းတွင် ကစားနေသည်။ ယခုနှစ်ဘောလုံးရာသီ အကြိုခြေစမ်းပွဲအဖြစ် ချယ်လ်ဆီးနှင့် ဟမ်ဘာဂါအသင်း ယှဉ်ပြိုင်သည့်ပွဲ၌ ပါဝင်ကစားခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့သည်။ ဟမ်ဘာဂါကလပ်တွင် ၂၀၀၈ခုနှစ်ကတည်းက ဝင်ရောက်ကစားနေသူလည်း ဖြစ်သည်။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း လျင်မြန်စွာ ဂိုးသွင်းနိုင်ရေး စွမ်းဆောင်နိုင်သူဖြစ်သည်။

အယ်ကန်တာရာ



စပိန်နိုင်ငံသား လူငယ်ကွင်းလယ်ကစားသမားဖြစ်သည်။ အသက် ၁၉နှစ်အရွယ်ရှိပြီး ဘာစီလိုနာအသင်း၌ ကစားနေသူဖြစ်သည်။ ၁၉၉၄ခုနှစ်က ဘရာဇီးအသင်း ကမ္ဘာ့ဖလား ဆွတ်ခူးခဲ့သည့်အသင်းတွင် ပါဝင်ကစားခဲ့သော ကွင်းလယ်ဘောလုံးသမား မာဇင်ဟို၏သားဖြစ်သည်။ ဘာစီလိုနာ၌ ယခုနှစ်ဘောလုံးရာသီတွင် ပထမပွဲထွက်ကစားသမားအဖြစ် နည်းပြဂွါဒီယိုလာက ပွဲထုတ်ရန် စီစဉ်ထားသည်။ ကွင်းလယ်မှဘောလုံးဖြန့်ဝေမှု၊ ခံစစ်အထိ လိုက်ပါဖြည့်ဆည်းမှုနှင့် တိုက်စစ်ကိုလည်း အားဖြည့်နိုင်သူဖြစ်ရာ ဘောလုံးလောက၌ တောက်ပလာမည့် ဘောလုံးကြယ်ပွင့် တစ်ဦးဖြစ်သည်။

ဟာနန်ဒက်ဇ်

အသက် ၁၇နှစ်အရွယ်ရှိသည်။ ဥရုဂွေးနိုင်ငံသား လူငယ်တိုက်စစ်မှူးဖြစ်ပြီး လက်ရှိ၌ ပါလာမိုအသင်းတွင် ကစားနေသူဖြစ်သည်။ ပါလာမိုအသင်းအတွက် ပြီးခဲ့သည့်နှစ် စီးရီးအေ၌ စုစုပေါင်း ခုနစ်ဂိုး သွင်းပေးခဲ့သူဖြစ်သည်။ ပွဲချိန်မိနစ် ၁၂၀ကို သက်လုံကောင်းစွာ ကစားနိုင်သူဖြစ်သည်။ အဆုံးသတ်ဂိုးသွင်းမှု ကောင်းမွန်သည့် လူငယ်တိုက်စစ်မှူးဖြစ်ပြီး တစ်ဖက်အသင်းနောက်တန်းကို ရဲရဲဝံ့ဝံ့ထိုးဖောက် တိုက်စစ်ဆင်နိုင်သူဖြစ်သည်။ အတွေ့အကြုံအနည်းငယ်လိုနေသော်လည်း ဟာနန်ဒက်ဇ် ခြေစွမ်းက ထက်မြက်သည်ဖြစ်ရာ လာမည့်ဘောလုံးရာသီ၌ စောင့်ကြည့်ရမည့် လူငယ်ကစားသမားပင်ဖြစ်သည်။ ။

ကိုးကား - အင်တာနက်

အင်ဒိုနီးရှားနိုင်ငံရှိ ကာရန်ဂီတန်မီးတောင်ပေါက်ကွဲမှုမှသည် ....

စုစည်းရေးသားသူ
မောင်မောင်မြင့်ဆွေ

ဂျကာတာ ဩဂုတ် ၁၀

ကမ္ဘာ့အပူချိန်မြင့်တက်လာမှု၊ ရာသီဥတုပြောင်းလဲလာမှုများကား လူတို့၏ ဆင်ခြင်တုံတရားနည်းပါးမှုနှင့် ဆက်စပ်နေသည်။ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှု၊ ရေလွှမ်းမှု၊ အပူလှိုင်း၊ အအေးလှိုင်းများ ကျရောက်မှု၊ မုန်တိုင်းတိုက်ခတ်မှု၊ တောမီးလောင်ကျွမ်းမှုများအပြင် ငလျင်လှုပ်မှုနှင့် မီးတောင်ပေါက်ကွဲမှု သဘာဝဘေးအန္တရာယ်များပါ ကမ္ဘာ့ပြည်သူတို့ ကြုံတွေ့နေကြရသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်မြောက်ပိုင်း စီအူကျွန်းပေါ်ရှိ ကာရန်ဂီတန်မီးတောင် ဩဂုတ် ၇ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့စဉ်။ (အင်တာနက်ဓာတ်ပုံ)

မီးတောင်ပေါက်ကွဲမှု

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်မြောက်ပိုင်း စီအူကျွန်းပေါ်ရှိ ကာရန်ဂီတန်မီးတောင်မှာ ဩဂုတ် ၇ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ကာရန်ဂီတန် မီးတောင်သည် အမြင့်ပေ ၅၈၀၀ခန့်ရှိရာ မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော မီးခိုးများ၊ ပြာမှုန်များနှင့် မီးတောက်မီးလျှံများကား ဝေဟင်သို့ ပျံ့လွင့်လျက်ရှိသည်။

ရွှေ့ပြောင်း

မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင် ရှိနေသော ကျေးရွာခြောက်ရွာမှ ဒေသခံ ၂၀၀၀၀ခန့်အား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရသည်။ အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံလေးဦး ပျောက်ဆုံးနေရာ သေဆုံးပြီဟု တာဝန်ရှိသူများက သတ်မှတ်ထားပြီဖြစ်သည်။ အခြားရွာသားငါးဦးမှာလည်း မီးတောင်မှ ထွက်ရှိလွင့်စဉ်လာသော ကျောက်တုံး၊ ကျောက်ခဲအပိုင်းအစများ ထိမှန်မှုကြောင့် ဒဏ်ရာရရှိခဲ့သည်။ မီးတောက်မီးလျှံများကြောင့် ကျေးရွာအိမ်အချို့ မီးလောင်ကျွမ်းခံရသည့်အပြင် တံတားတစ်စင်းလည်း မီးလောင်ပျက်စီးခဲ့ရသည်။ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာ ကာရန်ဂီတန်မီးတောင်အနီးဝန်းကျင် ကန့်သတ်ဧရိယာအတွင်း ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားလိုက်ပြီဖြစ်သည်။ ကာရန်ဂီတန်မီးတောင် မှာ ၁၆၇၅ ခုနှစ်မှ စတင်ကာ ၂၀၁၀ခုနှစ် ဩဂုတ် ၇ရက်အထိ မီးတောင်ပေါက်ကွဲ မှုပေါင်း အကြိမ် ၄၀ ကျော် ဖြစ်ပွားခဲ့ပြီး ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်စုစုပေါင်း အလုံး ၃၀ကျော်ရှိရာ အချိန်မရွေး ပေါက်ကွဲနိုင်သည့် မီးတောင် ၂၀ခန့်ရှိနေသည်ဟု သုတေသနပညာရှင်များက လေ့လာသုံးသပ်ထားသည်။ အင်ဒိုနီးရှားတွင် ငလျင်မလှုပ်သည့်နေ့ မရှိသလောက်နည်းပါးသည်ဖြစ်ရာ ငလျင်လှုပ်မှုနှင့်ဆက်စပ်နေသည့် မီးတောင်ပေါက်ကွဲမှုများလည်း ဖြစ်ပေါ်နိုင်ကြောင်း သြစတြေးလျ သုတေသနပညာရှင်များက ယူဆလျက်ရှိသည်။

ကနေဒါနိုင်ငံ၌ မြေအောက်မီးတောင် ပေါက်ကွဲမှုမှသည် ....

ထို့အပြင် ကနေဒါနိုင်ငံ ပမ်ဘာတန်မြို့အနီးတွင် ဩဂုတ် ၇ရက်က မြေပြိုမှု ဖြစ်ပွားခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုကြောင့် မြေပြိုခြင်းဖြစ်သည်ဟု ကနဦးက ယူဆခဲ့သော်လည်း သုတေသနပညာရှင်များက လက်မခံခဲ့ချေ။ မြေပြိုမှု အကျယ်အဝန်းမှာ သုံးမိုင်ဝန်းကျင်အတွင်း နေရာအနှံ့ဖြစ်ပေါ်ခဲ့ရာ မြေအောက်မီးတောင်ပေါက်ကွဲမှုနှင့် ဆက်စပ်မှုရှိနေကြောင်း သြစတြေးလျသုတေသနပညာရှင်များက သုံးသပ်ခဲ့ကြသည်။ ခေတ်မီနည်းစနစ်များနှင့် ကိရိယာများကို အသုံးပြုလေ့လာခဲ့ရာတွင် မြေအောက်လွှာထုမှ မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ကြသည်။ ကနေဒါနိုင်ငံ ပမ်ဘာတန်မြို့အနီး မြေပြိုမှုကြောင့် ဒေသခံထောင်ပေါင်းများစွာ ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

သဘာဝဘေးကား လူသားတို့အား နေ့စဉ်ခြိမ်းခြောက်နေလျက်ရှိရာ ငလျင်လှုပ်မှု၊ မီးတောင်ပေါက်ကွဲမှုများကလည်း စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်နေပါကြောင်း။ ။

ကိုးကား - အင်တာနက်

ကနေဒါနိုင်ငံ ပမ်ဘာတန်မြို့အနီးတွင် မြေအောက်မီးတောင် ပေါက်ကွဲမှုကြောင့် ဩဂုတ် ၇ရက်က မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်ပေးနိုင်မည့် လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ

မြင့်မောင်စိုး - ရေးသားသည်

စင်ကာပူ ဩဂုတ် ၁၀

စင်ကာပူနိုင်ငံတွင် လူငယ်အိုလံပစ် အားကစားပြိုင်ပွဲကြီးတစ်ရပ် ကျင်းပသွားရန် စီစဉ်လျက်ရှိရာ ယခုအခါ အသင့်အနေအထားဖြစ်နေပြီဖြစ်သည်။

မကြာမီက လူငယ်အိုလံပစ် မီးရှူးတိုင်သည်လည်း စင်ကာပူနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။ အိုလံပစ် မီးရှူးတိုင်သည် ဂရိနိုင်ငံ အိုလံပီယာမြို့မှ ကမ္ဘာ့တစ်ဝန်းသို့ လှည့်လည် သယ်ဆောင်ခဲ့ရာ ဩဂုတ် ၆ရက် မွန်းလွဲပိုင်းက စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ရောက်ရှိခဲ့သည်။

ကြိုဆို

ယင်းလူငယ်အိုလံပစ်မီးရှူးတိုင်သည် ကမ္ဘာ့တစ်ဝန်း ၁၅ရက်ကြာ လှည့်လည်ခဲ့ပြီးနောက် စင်ကာပူနိုင်ငံသို့ သယ်ဆောင်ရောက်ရှိလာခြင်းဖြစ်သည်။ လူပေါင်းများစွာတို့က သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ လူငယ်အိုလံပစ် အားကစားပြိုင်ပွဲသည် နိုင်ငံတကာလူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖော်ထုတ်ပြသရာ ပြိုင်ပွဲတစ်ရပ်လည်း ဖြစ်လာသည်။

စင်ကာပူလူငယ်တစ်ဦး အိုလံပစ်မီးရှူးတိုင် သယ်ဆောင်လာသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အဆိုပါ လူငယ်အိုလံပစ်အားကစားပြိုင်ပွဲများကို စင်ကာပူနိုင်ငံတွင် ဩဂုတ် ၁၄ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့တစ်ဝန်းရှိ အိုလံပစ်ကော်မတီ ၂၀၅ခုမှ လူငယ်အားကစားသမား ၅၀၀၀ခန့်နှင့် အသင်းအုပ်ချုပ်သူများ လာရောက်ကြမည် ဖြစ်သည်။

ကျင်းပမည်

ယင်းအိုလံပစ်အားကစားပြိုင်ပွဲသည် အသက် ၁၄နှစ်နှင့် ၁၈နှစ်အတွင်းရှိ နိုင်ငံတကာမှ လူငယ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အားကစားနည်း ၂၆မျိုး ပါဝင်ယှဉ်ပြိုင်ရန် သတ်မှတ်ထားကြောင်း သိရသည်။ ပြိုင်ပွဲတွင် ယဉ်ကျေးမှုနှင့် ပညာရေးအစီအစဉ်တစ်ရပ်ကိုလည်း ထည့်သွင်းကျင်းပမည်ဟု ဆိုသည်။

လူငယ်အိုလံပစ်ပြိုင်ပွဲဝင် ကစားသမားများ ပြင်ဆင်လေ့ကျင့်နေမှုများကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပါဝင်မည်

စင်ကာပူ လူငယ်အိုလံပစ်အားကစားပြိုင်ပွဲတွင် ရေကူး၊ မြားပစ်၊ သေနတ်ပစ်၊ ကြက်တောင်ရိုက်၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ကနူးကယက်၊ စက်ဘီး၊ မြင်းစီး၊ ဓားသိုင်း၊ ဘောလုံး၊ ကျွမ်းဘား၊ သံလုံးပစ်၊ ဟော်ကီ၊ ဂျူဒို၊ လှေလှော်၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ နပန်းနှင့် အလေးမ အစရှိသော အားကစား အမျိုးအစားများ ပါဝင်မည်ဖြစ်သည်။

လေ့ကျင့်

ယခုအခါ ပြိုင်ပွဲဝင်အသင်းအချို့မှာ စင်ကာပူနိုင်ငံသို့ရောက်ရှိနေပြီး လေ့ကျင့်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံအသီးသီးမှ လူငယ်အားကစားသမားများသည် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေးအတွက် အစမ်းလေ့ကျင့်မှုများဖြင့် ပြင်ဆင်လျက်ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက်

11-8 (12).pmd 1 8/11/2010, 2:08 AM

၁၁-၈-၂၀၁၀ရက်တွင်ကျရောက်သော သမီးလေး ထက်မှူးသံလွင် (၂)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ထက်မြက်ထူးချွန်၊ လူရည်မွန်၍
တံခွန်ထိပ်ဖျား၊ ရောက်စေသား။
မှူးမြင့်ထိပ်ခေါင်၊ ဘုန်းမီးရောင်နှင့်
ဆောင်ကြဉ်းအလင်း၊ ခွင်းစေမင်း။
သံထည်သို့မာ၊ များသူငါထက်
သာလွန်မြင့်မား၊ စွမ်းစေသား။
လွင်လွင်ချိုချို၊ ခွန်းဆင့်ပို၍
ရွှတ်ဆိုကဗျာ၊ အလင်္ကာဖြင့်
ကြည်သာရွှတ်ကျူး၊ ဆွတ်ကြည်နူးဖွယ်
ထက်မှူးသံလွင်၊ လှခေါင်တင်သည်
အစဉ်ချမ်းမြေ့ပါစေသော်။

ဖေဖေ ဦးဇော်ဌေး၊ မေမေ ဒေါ်ကေခိုင်ဦး၊ ဘွားဘွား ဒေါ်သန်းသန်းထွေး။







ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ

၁၄-၈-၂၀၁၀ရက်(စနေနေ့) နံနက် ၈နာရီ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမသို့ စေတနာရှင်များ လာရောက်လှူဒါန်းနိုင်ပါသည်။



ပန့်ချိန်စက်ငှားလိုသည်

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၅၃၄၄၃

ဦးကျော်မြင့်

GCE, IGCSE, SAT

၂၅၁၊ ဗိုလ်ချုပ်လမ်း၊ လမ်း၄၀ထိပ်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၈၆၆၃၉၊ ၀၉-၅၀-၀၇၈၉၆။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၈င /၂၇၀၇ Sang Da Truck(SD.01)၊ ပစ်ကပ်ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာပွင့်ဆန်း ၁၂/မရက(နိုင်)၀၀၇၁၈၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့။

ဖခင်အမည်မှန်

မန္တလေးမြို့၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်၇၄၄နေ ဦးဇော်ဝင်း ၉/မရမ(နိုင်)၀၂၃၀၉၅၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်တွင်ပါရှိသော ဦးဘရီ ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၀

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆) အမှတ်(၃၁)တွင် Political Times အထူးအချပ်ပိုအပါအဝင် အိမ်ဖော်ပြဿနာ၊ မြို့ပြဝေဒနာမျက်နှာဖုံး သုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီ ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းနှင့်တွေ့ဆုံခြင်း၊ ဆရာ မောင်စူးစမ်းရေးသားသည့် ငါစွဲနိဂုံးနှင့် အင်စတီကျူးရှင်း နိုင်ငံရေး၊ ဆရာမောင်ဝံသရေးသားသည့် အောက်သက်ကျေ နိုင်ငံရေးသမားအလိုရှိသည်၊ ဆရာကိုကိုလှိုင် ရေးသားသည့် စနစ်ကျသောပြုစုပျိုးထောင်မှုစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ မောင်တောမှ ဖမ်းဆီးရမိသော ဆင်ဖြူတော် နေပြည်တော်သို့သယ်ဆောင်၊ ဆိုမာလီငရဲခန်းမှ တစ်ကျော့ပြန် ဖိုးကံကောင်းများနှင့်တွေ့ဆုံခြင်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဧရိယာမလွတ်သည့် ကျေးရွာများ ပြောင်းရွှေ့ပြီး သိန်းရာချီတန်အိမ်များ အခမဲ့ဆောက်လုပ်ပေးခဲ့၊ အခပေးကတ်စနစ်သုံး ဘတ်စ်ကားများလာတော့မည်၊ ပြည်တွင်းပြည်ပခရီးစဉ်များ ပုံသန်းရန် လေကြောင်းလိုင်းသစ်ကမ္ဘောဇထူထောင်၊ ဒီဇယ်အင်ဂျင်များ ဂက်စ်/ဒီဇယ် တွဲဖက်အသုံးပြုနိုင်ပြီ၊ တစ်လအတွင်း ဒေါ်လာဈေးနှုန်း သိသာစွာမြင့်တက် အက်ဖ်အီးစီဈေးကျ၊ ကားဈေးနှုန်း ဆက်လက်အေးစက်နေဦးမည်၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ သစ်ပင်စိုက်ပျိုးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိအမြင်၊ မိဘတွေကလည်း သူ့ကို ချစ်နေပြီးသားဆိုတော့ ပိုအဆင်ပြေတယ် ပြေတီဦးနှင့်တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။သမိုင်းဝင် အဆောက်အအုံ ၁၅ခုကျော်ကို ရေးဟောင်းအမွေအနှစ်များအဖြစ် ယူနက်စကိုသတ်မှတ်၊ နိုင်ငံခြားအလုပ်သမားများ ခေါ်ယူခြင်းကို စင်ကာပူကြိုဆိုသော်လည်း ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုအပေါ် စိုးရိမ်မကင်းဖြစ်နေကြဟုဆို၊ ပီကေများစည်းကမ်းမဲ့စွန့်ပစ်မှု လန်ဒန်မြို့တော်ဝန် ကိုင်တွယ်ဖြေရှင်းမည်၊ အာဖဂန်စစ်ပွဲဆိုင်ရာ လျှို့ဝှက်ချက်များ ဝက်ဘ်ဆိုက်တွင် ထပ်မံမဖော်ပြရန် အမေရိကန်တောင်းဆို၊ အင်တာနက်စွဲသော ဆယ်ကျော်သက်များ စိတ်ကျဝေဒနာဖြစ်နိုင်၊ တောင်တရုတ်ပင်လယ်တွင်း အငြင်းပွားနေမှုကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန် ဟီလာရီပြောကြားချက်ကို တရုတ်ဝေဖန်၊ ဗြိတိသျှနန်းရင်းဝန် ဝင်စတန်ချာချီအံကပ် ပေါင်စတာလင် ၁၅၂၀၀ဖြင့် ရောင်းချမည်၊ အသက် ၁၄နှစ်အရွယ် မိန်းကလေးတစ်ဦးကို သားမယားပြုကျင့်ပြီး အတင်းအကျပ် ပြည့်တန်ဆာလုပ်ခိုင်းသည့် တရားခံကိုးဦးအား ထောင်ချ၊ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းလေသမျှ

၁၀-၈-၂၀၁၀

နေပြည်တော်(ရေဆင်း)	၀ဒသမ ၄၀လက်မ
ပုသိမ်ကြီးမြို့ (ရွှေစာရံ)	၆ဒသမ ၁၅လက်မ
ကော့သောင်းမြို့	၄ဒသမ ၈၁လက်မ
စစ်ကိုင်းမြို့	၂ဒသမ ၉၉လက်မ
ကျောက်ဆည်မြို့	၂ဒသမ ၂၄လက်မ
မြစ်ငယ်မြို့	၂ဒသမ ၂၀လက်မ
မန္တလေးမြို့	၂ဒသမ ၀၈လက်မ
အမ်းမြို့	၁ဒသမ ၉၇လက်မ
မာန်အောင်မြို့	၁ဒသမ ၉၇လက်မ
တံတားဦးမြို့	၁ဒသမ ၅၀လက်မ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ဂျပန်လမ်းနေ ဦးဇော်ဝင်း-ဒေါ်စန်းတို့၏သား မောင်အောင်ဇော်မြင့် ၁၂/ဥကမ(နိုင်) ၁၈၇၃၈၀သည် မိသားစုအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးဇော်ဝင်း ၁၂/ဥကမ(နိုင်)၁၁၂၆၁၉
မိခင်-ဒေါ်စန်း ၁၂/ဥကမ(နိုင်)၁၀၆၅၇၇
အမှတ် ၁၈၉၊ ဂျပန်လမ်း၊ အင်းစိန်မြို့နယ်။

အမည်ပြောင်း

ဦးခင်မောင်ညွန့်၏သမီး မဆောင်းသဉ္ဇာခိုင် ၁၂/စခန(နိုင်)၀၆၉၅၃၆ အား မညိမ်းဆုဆုစံဟု ပြောင်းလဲခေါ်ပါရန်။

မညိမ်းဆုဆုစံ။

မီးကိုကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ

သွေးသည် အသက်

သမိုင်းဝင်သတင်းသုတ

ပထမကမ္ဘာစစ်ကြီးအပြီးချုပ်ဆိုသည့် ဗာဆိုင်းစာချုပ်

၂၈-၆-၁၉၁၉

တိုး-ရေးသားသည်

ပထမကမ္ဘာစစ်ကြီးအပြီး ချုပ်ဆိုသည့် ငြိမ်းချမ်းရေးစာချုပ်များတွင် ဗာဆိုင်းစာချုပ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ စစ်ကြီးစတင်ရန် မီးမွှေးပေးလိုက်ပြီးနောက် ငါးနှစ်တိတိအကြာ ၁၉၁၉ခုနှစ် ဇွန်လ ၂၈ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်သည့် ဤစာချုပ်အရ ဂျာမနီနိုင်ငံနှင့် မဟာမိတ်နိုင်ငံများအကြားဖြစ်ပွားသည့် စစ်ပွဲမှာလည်း အဆုံးသတ်သွားရသည်။

ပထမကမ္ဘာစစ်ကြီးတွင် ဂျာမနီနိုင်ငံဘက်မှပါဝင်ကြသည့် အခြားသော အဓိက အင်အားကြီးနိုင်ငံများမှာလည်း သီးခြားစာချုပ်များ ချုပ်ဆိုကြရသည်။ ၁၉၁၈ခုနှစ် နိုဝင်ဘာလ ၁၁ရက်နေ့တွင် လက်မှတ်ထိုးသည့် စစ်ရပ်ဆိုင်းရန် နှစ်ဖက်သဘောတူညီမှုက အမှန်တကယ်တိုက်ခိုက်မှုကို အဆုံးသတ်စေသော်လည်း ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန် ပါရီငြိမ်းချမ်းရေးညီလာခံ၌ စေ့စပ်ဆွေးနွေးရခြင်းမှာ အချိန်ခြောက်လကြာမြင့်ခဲ့သည်။ စာချုပ်ကို နိုင်ငံပေါင်းချုပ်အသင်းကြီးက ၁၉၂၀ပြည့်နှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် အသင်းကြီး၏ အတွင်းရေးမှူးချုပ်ရုံး၌ မှတ်ပုံတင်ပေးလိုက်သည်။

စာချုပ်၏အရေးအပါဆုံးနှင့် အငြင်းပွားဖွယ်အဖြစ်ဆုံးပြဋ္ဌာန်းချက်မှာ ဂျာမနီနိုင်ငံအား စစ်ဖြစ်ပွားစေခြင်းအတွက် တစ်နိုင်ငံတည်း တာဝန်ယူစေခြင်းပင်ဖြစ်သည်။ စာချုပ်၏ အပိုဒ်ခွဲ ၂၃၁ မှ ၂၄၈များအရ လက်နက်စွန့်လွှတ်ရေး၊ ပိုင်နက်နယ်မြေခွဲဝေရေးနှင့် စစ်လျော်ကြေးပေးရေးကိစ္စများ ပြဋ္ဌာန်းထားသည်။ စစ်လျော်ကြေးစုစုပေါင်းမှာ ၁၉၂၁ခုနှစ်တွင် ဂျာမန်မတ်ငွေ ၁၃၂ဘီလီယံရှိသည်။ ယင်းစစ်လျော်ကြေးပမာဏမှာ ဂျာမနီအနေဖြင့် ၁၉၈၈ခုနှစ်အထိပေးနေရသည့် ငွေပမာဏဖြစ်သည့်အတွက် အလွန်များပြားလှသည်။ ထို့ကြောင့် အစောဆုံး ၁၉၃၂ခုနှစ်လောက်မှစ၍ နောက်ဆက်တွဲဖြစ်ရပ်များက စာချုပ်ကိုချိုးဖောက်လာသည့်အပြင် ၁၉၃၀ပြည့်လွန် နှစ်များအလယ်လောက်တွင် စာချုပ်ကို နိုင်ငံအများအပြားက မထီမဲ့မြင်ပြုလာကြသည်။

စေ့စပ်ဆွေးနွေး

မဟာမိတ်အင်အားကြီးနိုင်ငံများအကြား စေ့စပ်ဆွေးနွေးမှုများကို ပါရီရှိ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၁၉၁၈ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့က စတင်ခဲ့သည်။ စေ့စပ်ဆွေးနွေးပွဲများသို့ မူလပထမတွင် နိုင်ငံ ၂၇နိုင်ငံမှ ကိုယ်စားလှယ် ၇၀ တက်ရောက်ကြသည်။ ဂျာမနီ၊ ဩစတြီးယားနှင့် ဟန်ဂေရီနိုင်ငံတို့မှာ စစ်ရှုံးနိုင်ငံများ ဖြစ်သည့်အားလျော်စွာ တက်ရောက်ခွင့်မကြုံကြရပေ။ ထို့အတူ ရုရှားနိုင်ငံမှာလည်း ၁၉၁၈ခုနှစ်တွင် ဂျာမနီနှင့် သီးသန့်ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းခဲ့သည့်အတွက် စေ့စပ်ဆွေးနွေးပွဲများ၌ မသီမကပ်နိုင်။

စာချုပ်၏ စည်းကမ်းသတ်မှတ်ပြဋ္ဌာန်းချက်များမှာ အလွန်အမင်းပြင်းထန်သည်။ ၁၉၁၉ခုနှစ် မတ်လတိုင်အောင် ငြိမ်းချမ်းရေးစာချုပ်၏ အရှုပ်ထွေးဆုံးနှင့် အခက်ခဲဆုံးပြဋ္ဌာန်းချက်များကို စေ့စပ်ဆွေးနွေးရမည့် အရေးအပါဆုံးတာဝန်မှာ ၁၀ ဦးကောင်စီပုံမှန်အစည်းအဝေးများ ခေါင်းပေါ်သို့ ကျလာခြင်းပင်ဖြစ်သည်။ ၁၀ဦးကောင်စီကို စစ်နိုင်အင်အားကြီး နိုင်ငံများဖြစ်သည့် အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ အီတလီနှင့် ဂျပန်နိုင်ငံတို့မှ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများဖြင့် ဖွဲ့စည်းသည်။ ၁၀ ဦးကောင်စီသည် ထိရောက်သော ဆုံးဖြတ်ချက်များချရန် ကိုးရိုးကားရားနိုင်လှသဖြင့် ဂျာမနီနိုင်ငံက အစည်းအဝေးမတက်တော့။ ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးအချို့လည်း ကျောခိုင်းကုန်ကြသည်။ ထို့ကြောင့် ၁၀ဦးကောင်စီ၌ ကြီးလေးကြီးသာကျန်တော့သည်။ ဖီယမ်(ယခုအခါ-ရီဂျက်ကာ)ကို နယ်မြေပိုင်ဆိုင်ခွင့်ပေးရန်တောင်းသည်ကို ပယ်ချသည့်အတွက် မကျေနပ်ဖြစ်ကာ အီတလီဝန်ကြီးချုပ်ဗစ်တိုရီယိုအော်လင်ဒိုက စေ့စပ်ဆွေးနွေးပွဲများမှ ထွက်ခွာသွားသည်။ ထိုနှစ်ဇွန်လတွင် စာချုပ်လက်မှတ်ထိုးရန်အတွက်သာ ပြန်လည်တက်ရောက်တော့သည်။ ထို့ကြောင့် အပြီးသတ်လုပ်ငန်းများကို ကျန်ကြီးသုံးကြီးခေါင်းဆောင်များဖြစ်ကြသည့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်လွိုက်ဂျော့၊ ပြင်သစ်ဝန်ကြီးချုပ် ဂျော့ကလီမင်ဆိုးနှင့် အမေရိကန်သမ္မတဝုဒ်ရိုးဝီလ်ဆင်တို့က ဆုံးဖြတ်ပြဋ္ဌာန်းလိုက်ကြသည်။ ကြီးသုံးကြီး ခေါင်းဆောင်များကလည်း စာချုပ်အပေါ် သဘောထားကွဲလွဲနေကြသည့်အတွက် ဘုံရပ်တည်ချက်တစ်ရပ် ချမှတ်ရန် အခက်အခဲတွေ့ရသည်။ ထို့ကြောင့်ပင် ဤစာချုပ်ကို အပေးအယူနည်းဖြင့် ညှိနှိုင်းရရှိသော်လည်း မသင့်လျော်သည့် သဘောတူညီချက်ဟု သမုတ်ကြသည်။

ပြင်သစ်နိုင်ငံ အဓိကစိတ်ဝင်စားသည်မှာ လုံခြုံရေးဖြစ်သည်။ စစ်အတွင်းတွင် ပြင်သစ်နိုင်ငံက စစ်သည် ၁ဒသမ ၅သန်း၊ အရပ်သား ၄၀၀၀၀၀ အသက်ဆုံးရှုံးရသည့်အပြင် ကြီးစွာသော အပျက်အစီးများနှင့်လည်း ကြုံခဲ့ရသည်။ ပြန်လည်မွမ်းမံရေးအတွက် စစ်လျော်ကြေးလိုအပ်သည်။ စစ်လျော်ကြေးများများတောင်းခြင်းဖြင့် အနာဂတ်တွင် ဂျာမနီနိုင်ငံ၏ခြိမ်းခြောက်မှု လျော့နည်းမည်ဟုလည်း ယူဆသည်။

စီးပွားရေးရိုက်ခတ်

ဗြိတိန်နိုင်ငံမှာမူ စစ်အတွင်းက နယ်မြေအသိမ်းခံရမှု မရှိသလောက်ဖြစ်သည်။ စစ်လျော်ကြေးကို ပြင်သစ်ကဲ့သို့ မတောင်းဆို။ ထို့ပြင် ဂျာမနီကို အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရောက်ရှိစေလိုသည်။ စစ်လျော်ကြေးများများတောင်းခြင်းဖြင့် သွယ်ဝိုက်၍ ဗြိတိန်နိုင်ငံ၏ စီးပွားရေးကိုပါ ရိုက်ခတ်လာမည်ကို စိုးရိမ်သည်။

အမေရိကန်နိုင်ငံသည် ၁၉၁၇ခုနှစ် ဧပြီလတွင် စစ်ထဲပါဝင်လာသည်။ ထိုအချိန်မတိုင်မီနှင့် စစ်ထဲပါဝင်ပြီးနောက် အမေရိကန်က ခိုင်မာသော မစွက်ဖက်ရေးသဘောထားရှိသည်။ အမေရိကန်ပြည်သူအများစုကလည်း ဥရောပရေးရာကိစ္စများတွင် တတ်နိုင်သမျှ အမြန်ဆုံး ကင်းကင်းရှင်းရှင်းဖြစ်စေလိုသည်။ ဂျာမနီစစ်လျော်ကြေးကိစ္စတွင် ပိုမိုပြေလည်ရာပြေလည်ရေးကို လိုလားသည်။ ပါရီငြိမ်းချမ်းရေးညီလာခံတွင် အမေရိကန်သမ္မတဝုဒ်ရိုးဝီလ်ဆင်က အချက် ၁၄ချက်ပါ မိန့်ခွန်းကိုပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံကလည်း ဂျာမနီနှင့် ဆက်လက်ကုန်သွယ်ရေးကို လိုလားသည်။

ပြင်သစ်ပြည်သူများ၏ တောင်းဆိုချက်အားလုံးကို ဝန်ကြီးချုပ်ဂျော့ကလီမင်ဆိုးဖြည့်ဆည်းမပေးနိုင်သည့်အတွက် ၁၉၂၀ပြည့်နှစ် ရွေးကောက်ပွဲတွင် ၎င်းအစား ဖီးမာရှယ်ဖာဒီနန်အနိုင်ရသည်။ ဤစာချုပ်မှာ ငြိမ်းချမ်းရေးစာချုပ်မဟုတ်၊ နှစ်ပေါင်း ၂၀ကြာ ရပ်ဆိုင်းရန် နှစ်ဖက်သဘောတူညီချက်သာဖြစ်သည်ဟု သူကကြွေးကြော်သည်။

အမေရိကန်နိုင်ငံ၌ အတိုက်အခံ ဟင်နရီကယ်ဘော့လော့၏ ဩဇာကြောင့် အမေရိကန်အထက်လွှတ်တော်က စာချုပ်ကိုအတည်ပြုရန် ကန့်ကွက်မဲပေးသည်။ သမ္မတဝုဒ်ရိုးဝီလ်ဆင်ကလည်း စာချုပ်ကိုထောက်ခံရန်ငြင်းဆိုသည်။ ရလဒ်မှာ အမေရိကန်နိုင်ငံသည် နိုင်ငံပေါင်းချုပ်အသင်းကြီးသို့ မဝင်တော့ပေ။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အူးရစ်ဂရပ်ဖွန်ကရော့ဒေါ့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဗာဆိုင်းမြို့သို့ရောက်လာသည်။ စေ့စပ်ဆွေးနွေးစဉ်က ဂျာမနီနိုင်ငံပါဝင်ခွင့်မရခဲ့၊ ဂျာမနီအစိုးရကလည်း စာချုပ်ပါအချက်များမှာ မတရားသည့်တောင်းဆိုချက်များဖြစ်၍ ကန့်ကွက်ထားသည်။ ဂျာမနီနိုင်ငံ၏ ဂုဏ်သိက္ခာကိုလည်းထိပါးသည်ဟု ကိုယ်စားလှယ်အဖွဲ့ကကြေညာပြီး မကြာမီမှာပင် ဂျာမနီနိုင်ငံက ဗာဆိုင်းစာချုပ်အစီအစဉ်များမှ နုတ်ထွက်လိုက်သည်။ ဂျာမနီနိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီအရ ရွေးချယ်တင်မြှောက်ခံရသည့် ဝန်ကြီးချုပ်ဖိလစ်ရှိတ်ဒီမင်းက စာချုပ်ကိုလက်မှတ်ထိုးရန်ငြင်းဆိုပြီး ရာထူးမှနုတ်ထွက်လိုက်သည်။ ဤစာချုပ်မှာ အလွန်ဆိုးရွားသောအစီအစဉ်ဖြစ်ကြောင်း၊ ၁၉၁၉ခုနှစ် မတ်လ ၁၂ရက်နေ့က အမျိုးသားလွှတ်တော်တွင် ၎င်းက မိန့်ခွန်းပြောစဉ် ထည့်သွင်းသုံးသပ်လိုက်သည်။ ၎င်းရာထူးမှနုတ်ထွက်ပြီးနောက် ဂူးစတပ်ဘော်ယာဦးဆောင်သည့် ညွန့်ပေါင်းအစိုးရတက်လာသည်။ နိုင်ငံခြားရေးဝန်ကြီး ဟာမန်မူလာ ဗာဆိုင်းသို့သွားရောက်ပြီး စာချုပ်ကို ၁၉၁၉ခုနှစ် ဇွန်လ ၂၈ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်သည်။ ဇူလိုင်လ ၉ရက်နေ့တွင် စာချုပ်ကို ဂျာမနီအမျိုးသားလွှတ်တော်က ထောက်ခံမဲ ၂၀၉ မဲ၊ ကန့်ကွက်မဲ ၁၁၆ မဲဖြင့်အတည်ပြုပေးလိုက်သည်။

စတင်ချိုးဖောက်

ဗာဆိုင်းစာချုပ် စစ်လျော်ကြေးများတွင် ကျောက်မီးသွေး၊ သံမဏိ၊ ဘဏ်ရည်ဘဏ်သွေးအသုံးပြုရရှိသည့်ပစ္စည်းနှင့် လယ်ယာထွက်ကုန်များပါဝင်သည်။ ဂျာမနီနိုင်ငံက ပြင်သစ်၊ ဘယ်လ်ဂျီယံနိုင်ငံတို့သို့ ကျောက်မီးသွေးများ တန်ချိန်သန်းချီ၍ ဆယ်နှစ်ကြာပေးရန် ပြဋ္ဌာန်းမှုပါဝင်သည်။ သို့သော် ဟစ်တလာလက်ထက်တွင် ဂျာမနီက မပေးတော့။ ဗာဆိုင်းစာချုပ်ကို စတင်ချိုးဖောက်သည်။

စစ်နိုင်အင်အားကြီးနိုင်ငံများ၏ ရည်ရွယ်ချက်မတူညီမှုကြောင့် မည်သူမျှ အားရကျေနပ်မှုမရှိသည့် အပေးအယူနည်းဖြင့် ညှိနှိုင်းရယူလိုက်ရသည့် သဘောတူညီချက်သာ ရရှိခဲ့သည်။ ယင်းမှာနောက်ပိုင်းတွင်ပဋိပက္ခများကိုသာ ဦးတည်စေခဲ့ကြောင်း ဒုတိယကမ္ဘာစစ်ကြီးက သက်သေထူလျက်ရှိပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၁၁ရက်နေ့တွင် လက်မှတ်ထိုးသည့် စစ်ဆိုင်းရန် နှစ်ဖက်သဘောတူညီမှုက အမှန်တကယ်တိုက်ခိုက်မှုကို အဆုံးသတ်စေသော်လည်း ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုရန် ပါရီငြိမ်းချမ်းရေး ညီလာခံ၌ စေ့စပ်ဆွေးနွေးရခြင်းမှာ အချိန်ခြောက်လ ကြာမြင့်ခဲ့၊ စာချုပ်ကို နိုင်ငံပေါင်းချုပ်အသင်းကြီးက ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၁ရက်နေ့တွင် အသင်းကြီး၏ အတွင်းရေးမှူးချုပ်ရုံး၌ မှတ်ပုံတင် ပေးလိုက်။

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ - စုစည်းတင်ပြ၍ ❋ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ကမ္ဘာ့အသေးငယ်ဆုံး လေယာဉ်

အမေရိကန်နိုင်ငံ ဆန်ဂျန့်မြို့မှ ဂျွန်ဂျီမင်နက်ခ်အမည်ရှိ အမျိုးသားတစ်ဦးပိုင်ဆိုင်သော လေယာဉ်ဖြစ်သည်။ လေယာဉ်၏ အလေးချိန်မှာ ၂၅၃ပေါင်ရှိပြီး အရှည် ၁၂ပေရှိသည်။ လေယာဉ်တောင်ပံအလျားမှာ ၁၇ပေဖြစ်ပြီး တစ်နာရီ မိုင် ၃၀၀ ပျံသန်းနိုင်သည်။ လူတစ်ဦးသာ မောင်းနှင်စီးနင်းနိုင်ရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးလေယာဉ်ဖြစ်သည်။ (ဝဲပုံ) (အင်တာနက်)

အချိန်တိုအတွင်း ပူဖောင်းအများဆုံး ပြုလုပ်နိုင်သူ

ကနေဒါနိုင်ငံ နယူးတောင်းမြို့မှ ဂျွန်ကတ်စီဒီအမည်ရှိ အမျိုးသားတစ်ဦးသည် အချိန်တစ်နာရီအတွင်း ပူဖောင်းအလုံး ၇၄၇ လုံး မှုတ်ပြနိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် အချိန်တိုအတွင်း ပူဖောင်းအများဆုံးပြုလုပ်နိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(ယာပုံ)***

(အင်တာနက်)

ကမ္ဘာ့အမြင့်ဆုံးဆိုင်ကယ်

ဂျော့ရီဒန်ပာမ်အမည်ရှိ အမေရိကန်နိုင်ငံသားတစ်ဦးပိုင်ဆိုင်သည့် ဆိုင်ကယ်ဖြစ်သည်။ ဘီးအောက်ခြေမှ လက်ကိုင်အထိ အမြင့် ၁၁ပေ ၃လက်မရှိသည်။ ဆိုင်ကယ်အလျားမှာ ပေ၂၀ ၄လက်မရှိပြီး ဆိုင်ကယ်အလေးချိန်မှာ ပေါင် ၆၅၀၀ရှိသည်။ ဆိုင်ကယ်တာယာအမြင့်မှာ ခြောက်ပေ နှစ်လက်မရှိရာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဆိုင်ကယ်တစ်စီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အပေါ်ပုံ) (အင်တာနက်)***

မန္တလေးတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ
မန္တလေးမြို့တော်ဝန် လှည့်လည်ကြည့်ရှုစစ်ဆေး

မန္တလေး ဩဂုတ် ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင်ဦးကျော်ဝင်းနှင့် ဌာနမှူးများ လိုက်ပါလျက် ဇူလိုင် ၂၉ရက် နံနက်က မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားရှိမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင်တော်အနောက်ဘက်မှ မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးက မန္တလေးတောင်တော် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ကျုံးရေကိုအသုံးပြု၍ တောင်ပေါ်အရောက် နေ့စဉ်ရေဂါလန်သုံးသိန်းရရှိအောင် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်က မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောင်တော်ဧရိယာတစ်ခုလုံး သားငှက်များ ပစ်ခတ်ဖမ်းဆီးမှုမရှိရေး၊ စိုက်ပျိုးထားသောသစ်ပင်များတွင် ရှင်သန်ကြီးထွားမှုမရှိသော အပင်များနေရာ၌ အစားထိုးစိုက်ပျိုးသွားရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေး၊ တောင်တော်ဧရိယာရှိ သစ်ပင်စိုက်ပျိုးနိုင်သော မြေဧရိယာများ၌ အရိပ်ရသစ်ပင်များ၊ ရတနာတန်းဝင်ကျွန်းပင်များ ဆက်လက်စိုက်ပျိုးရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၁၁၃)

ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး
အသိပညာပေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျန်းမာရေးဌာနစိတ်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး အသိပညာပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းကို ဩဂုတ်ဖရက်နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေး ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိင်္ဂီမြင့် (မိခင်ကလေး)က လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းက ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ခြင်းကိုလည်းကောင်း အသိပညာပေးဆွေးနွေးကြပြီး ဆရာဖြစ်သင်တန်းကို ဩဂုတ် ဖရက်မှစ၍ နှစ်ရက်တာ ကျင်းပခဲ့သည်။ (သတင်းစဉ်)

မြို့နယ်သတင်း ထွေထွေ

တနင်္သာရီတိုင်း မြိတ်မြို့၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

မြိတ် ဩဂုတ် ၅

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မြိတ်မြို့ ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအေးအေးသိန်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ကြည့်ရှုအားပေး

ဆက်လက်၍ တနင်္သာရီတိုင်းအတွင်း ထူးချွန်အမျိုးသမီးများအား တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြပြီးနောက် တက်ရောက်လာကြသူများက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို ကြည့်ရှုအားပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဘုတ်ပြင်း၌ကျင်းပ

ဘုတ်ပြင်း ဩဂုတ် ၃

ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဘုတ်ပြင်းမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၈ရက် နံနက်က ရာဇမုနိဘုရားကုန်းတော်၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မင်းသိန်းဇံ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အဖွဲ့ဝင်များ၊ ဘုတ်ပြင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၅၀၀ခန့် တက်ရောက်ကြပြီး မဟော်ဂနီ၊ ပျဉ်းကတိုးပျိုးပင် ၁၅၀၀ကို စိုက်ပျိုးကြသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး အသိပညာပေးဟောပြောပွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါ၌ ကျင်းပ

သီပေါ ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ်အဖြစ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃၁ရက် နံနက် ၈နာရီက သီပေါမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမှာစကား ပြောကြားပြီး ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ထွေးက သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး၊ ဆေးစိမ်ခြင်ထောင်နှင့် အိပ်စက်အသုံးပြုရေးစသည့် ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းဟောပြောသည်။

ကွင်းဆင်းဆောင်ရွက်

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားလွင်နှင့် အဖွဲ့ဝင်များက ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ပူးပေါင်း၍ မြို့ပေါ်(၁၁)ရပ်ကွက်ရှိ နေအိမ်များ၌ ခြင်ဆေးဖျန်းခြင်း၊ ရေတွင်း ရေကန်များတွင် ပိုးမွှားကာကွယ်ရေးအတွက် ဆေးခတ်ခြင်း၊ ခြင်မခိုအောင်းနိုင်ရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။ (အပေါ်ပုံ) (၀၂၀)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး တောင်ကုတ်၌ ဆောင်ရွက်

တောင်ကုတ် ဩဂုတ် ၂

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်းကို ဇွန် ၁၈ရက်က ဂူတာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ရေနုတ်မြောင်းတူးဖော်

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာကောင်းစေရန်အတွက် ပညာရိပ်သာလမ်း ရေနုတ်မြောင်း တူးဖော်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးသန်းထွန်းဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အဝေးသင် ဆေးပညာသင်တန်းများ ဖွင့်လှစ်လျက်ရှိ

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်က ကြီးမှူး၍ အထွေထွေရောဂါကုဆရာဝန်များအတွက် CME for Accreditation ကို ရည်ရွယ်ကာ အထွေထွေရောဂါကုဆရာဝန်များတွင် အတွေ့များသောရောဂါများ ကုထုံးသင်တန်း (Common Clinical Problems for GPs)၊ ရောဂါရှာဖွေရေးလုပ်ငန်းစဉ်နည်းလမ်းများသင်တန်း(Diagnostic Medical-Surgical Procedure Course)၊ အရေးပေါ်ရောဂါများကုထုံးသင်တန်း (Emergency Management Course)၊ ပြည်သူ့ကျန်းမာရေး၊ မိသားစုကျန်းမာရေးနှင့် သုတေသနသင်တန်း (Public Health, Family Medicine and Research Course) စသည့် သင်တန်းလေးခုကို အဝေးသင်သင်တန်း (Distance Learning Medical Education Program) အဖြစ် မေ ၁၇ရက်မှ တစ်နှစ်ပတ်လုံး ဖွင့်လှစ်လျက်ရှိသည်။

စုံစမ်းမေးမြန်းနိုင်

သင်တန်းတစ်ခုစီ၏ ကြာမြင့်ချိန်မှာ လေးလဖြစ်ပြီး သင်တန်းတစ်ခုပြီးဆုံးမှ နောက်သင်တန်းတစ်ခုကို တက်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်သင်တန်းကြေးနှင့် သင်တန်းဝင်ခွင့်ပုံစံကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ငွေပို့လွှာဖြင့် စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးသွင်းဖြည့်စွက်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ပေးသွင်းကာ သင်တန်းတက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၁၊ ၃၈၀၈၉၉ လိုင်းခွဲ-၁၁၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတင်းစာကိုယ်စားလှယ်လျှောက်ထားနိုင်

The New Light Of Myanmar သတင်းစာဖတ် ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ သတင်းစာစောင်ရေများ တိုးတက် ထုတ်ဝေပေးသွားမည်ဖြစ်ပါသည်။ သတင်းစာများ ပိုမိုဖြန့်ချိနိုင်ရေးအတွက် သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ-

The New Light Of Myanmar သတင်းစာတိုက်

ဖုန်းအမှတ်-၀၁-၃၉၂၂၂၆

၀၁-၃၉၂၂၀၄တို့သို့ ဆက်သွယ်နိုင်ပါသည်။

အမည်ပြောင်း

လားရှိုးမြို့၊ အထက(၂) စတုတ္ထတန်း(က)မှ မောင်အေးချမ်းမောင်အား မောင်ကျော်စောဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်စော။

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ ဦးခင်မောင်လေး၏ သား မောင်ထက်ထူးအောင် ၁၁/ကတန (နိုင်)၀၀၀၀၀၉အား မောင်ထက်ပိုင်မှူးဟု ပြောင်းလဲခေါ်ပါရန်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၈) သူငယ်ချင်းများသို့

သင်တန်းဆင်းသူငယ်ချင်းများစုစည်းထားသည့် ဗသက(၉၈)၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် မိတ်ဆုံစားပွဲ အစီအစဉ်ကို ဆရာသမားများ အမှူးထား၍ ၁၅-၈-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၂ နာရီအထိ ဇမ္ဗူအေးကျောင်းတိုက် (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်-သွေးဆေးကန်ရှေ့)၌ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့်မိသားစုအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဖြစ်မြောက်ရေးကော်မတီ။

ဆက်သွယ်ရန်-

နိုင်ဦး ဖုန်း-၀၉-၅၁၈၄၆၅၈

ခင်မောင်ဇော် ဖုန်း-၀၉-၅၁၉၄၀၀၂

ခင်မောင်ဌေး ဖုန်း-၇၂၃၇၄၃

သန်းထွန်းဦး ဖုန်း-၀၉-၈၆၂၇၈၃၉။

အရဟံဓမ္မာရုံ ကယားပြည်နယ်

ကယားပြည်နယ်ကိုယ်စားပြု အရဟံဓမ္မာရုံကို စွယ်တော်မြတ်စေတီအနီးတွင် တည်ဆောက်လျက်ရှိပါသည်။ ကယားပြည်နယ်ပြင်ပ မြန်မာနိုင်ငံနေရာဒေသအသီးသီးတွင် ရောက်ရှိနေကြသော ကယားပြည်နယ်သူပြည်နယ်သားများ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

အလှူခံဌာနများ(လွိုင်ကော်မြို့)

၁။ ဦးကျော်ဒင် ဖုန်း-၀၈၃-၂၁၀၅၆။

၂။ ဦးထွန်းဝင်း ဖုန်း-၀၈၃-၂၁၂၃၈။

အလှူခံဌာနများ(ရန်ကုန်မြို့)

၁။ ဒေါ်စုတင် ဖုန်း-၀၁-၅၂၅၀၅၉၊ ၀၉-၅၁၄၉၁၁၈။

၂။ ဦးခင်မောင်လတ် ဖုန်း-၀၉-၅၀၆၄၅၈၄။

၃။ ဦးတင်မောင်မြင့် ဖုန်း-၀၁-၅၇၃၄၇၀။

၄။ ဒေါ်စမ်းမြင့် ဖုန်း-၀၉-၅၀၀၆၆၂၀။

၅။ ဒေါ်ပွင့်သန်း ဖုန်း-၀၁-၂၁၄၂၅၉။

၆။ ဦးခင်မောင်သန်း ဖုန်း-၀၁-၆၈၅၁၇၆၊ ၀၉-၅၀၁၅၇၇၁။

၇။ ဦးညီညီဆွေ ဖုန်း-၀၁-၇၀၃၈၀၁။

အမည်ပြောင်း

ဦးငွေလွင်၏သမီး မြိတ်မြို့ အထက(၃) ဒုတိယတန်း(A)မှ မအိအိမွေးအား မအေးမြတ်သူဟု ပြောင်းလဲခေါ်ပါရန်။

မအေးမြတ်သူ။

အမည်ပြောင်း

ဦးစောဝင်း၏သမီး ပခုက္ကူမြို့၊ (၆)ရပ်ကွက်၊ (၄)လမ်းမှ မစုစုမွန် ၈/ပမန(နိုင်)၀၈၈၄၃၀အား မမွန်မွန်စိုးဟု ပြောင်းလဲခေါ်ပါရန်။

မမွန်မွန်စိုး။

ဂိုဒေါင်ငှားမည်၊ အိမ်ငှားမည်

Zawana Citymart အနီး

ဆက်သွယ်ရန်

ဖုန်း-၀၉-၅၁၁၈၆၆၂။



တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ဒေါက်တာဦးကျော်မြင့်

(ညွှန်ကြားရေးမှူး)

ကျန်းမာရေးဝန်ကြီးဌာန

၁၃-၇-၂၀၁၀ရက်နံနက်၅နာရီတွင်ကျေးဇူးရှင်ဖခင်ကြီး မမျှော်လင့်ဘဲ ချစ်တဲ့မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၁-၈-၂၀၁၀ရက်တွင် တစ်လပြည့်ခဲ့ပြီဖြစ်သော်လည်း နေ့စဉ်အချိန်တိုင်း နှမြောတသ လွမ်းဆွတ်သတိရနေဆဲပါ။

ကျေးဇူးရှင်ဖေဖေကြီးအတွက်ရည်စူးကာ နေ့စဉ်နှင့်ယနေ့ ပြုလုပ်ပေးပါသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ကောင်းမှုအစုစုတို့အတွက် မြင့်မြတ်အေးချမ်းသော ဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပါစေ-

ကျေးဇူးရှင်ဖေဖေကြီးရေ- အမျှ-အမျှ-အမျှ-

ချစ်ဇနီး - ဗိုလ်မှူးဒေါ်စန်းစန်းဝင်း(ငြိမ်း)

ချစ်သားကြီး - ဒေါက်တာဉာဏ်ငြိမ်းချမ်းကျော်

(Population Service International)

ချစ်သမီးငယ် - ဒေါက်တာလင်းလင်း

(အလုပ်သင်ဆရာဝန်၊ ရန်ကုန်ဆေးရုံကြီး)။

မြွေဆိပ်ဖြေဆေး ပေးအပ်လှူဒါန်းပွဲ ကျွန်းလှမြို့နယ်၌ ကျင်းပ

ကျွန်းလှ ဩဂုတ် ၉

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သရက်ပင်ကျေးရွာ၌ အခြေခံ ရေးဦးသူနာပြုစုခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၁၀) ဖွင့်ပွဲနှင့် မြွေဆိပ်ဖြေဆေးပေးအပ်လှူဒါန်းပွဲကို ဇွန်၇ရက် နံနက်၁၀နာရီက အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခင်ဖြူဖြူသက်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နေမင်းမျိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၊ မြွေဆိပ်ဖြေဆေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းသည်။ ထို့နောက် မြို့နယ်အတွင်းရေးမှူး ဒေါ်ခင်ဖြူဖြူသက်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသော မြွေဆိပ်ဖြေဆေး ခြောက်လုံးကို ကျေးရွာခြောက်ရွာသို့ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့ မင်္ဂလာဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မီးသတ်ရေစင်ဆောက်လုပ်မည့်နေရာတို့ကို ဩဂုတ် ၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)



ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်လရ/၃၀၄၇၅ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာလွင် ၁၃/လရန(နိုင်)၁၂၈၆၉၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ပြည်နယ်ရုံး)၊လားရှိုး။**

(၆)ကြိမ်မြောက် မှော်ဘီမြို့ အသောကကျောင်းတိုက် မောင်းထောင်မြေဇင်းတောရ တရားစခန်းဖွင့်

မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း၊ ဆရာတော် ဦးဥတ္တမနှင့် ဦးမဏ္ဍလတို့၏ ဩဝါဒကိုခံယူ၍ ၁၅-၈-၂၀၁၀ရက် (ဝါခေါင်လဆန်း ၅ရက်)မှ ၁၃-၁၀-၂၀၁၀ရက် (သီတင်းကျွတ်လဆန်း ၅ရက်) အထိ ရက်၆၀ တရားစခန်းကို မှော်ဘီမြို့ ရှမ်းစု(၁)ရပ်ကွက် အသောကကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကေလာသ(ဓမ္မာစရိယ)က ဖွင့်လှစ်ပြသမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်

ဆရာတော်-ဖုန်း-၀၁-၆၂၁၂၂၁၊

၀၉-၅၀၃၉၀၀၂၊

ဦးဖေသိန်း-၀၁-၇၃၀၅၈၂၄၇၊

၀၁-၇၃၀၅၈၂၄၈။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၃၈၀၈၄ Honda Wave NF100 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ထွေး ၁၂/သကတ (နိုင်)၀၀၁၆၅၂က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (တိုင်းဦးစီးမှူးရုံး)၊မြိတ်။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

(၅၅)လမ်းဘက်သို့ မျက်နှာမူလျက်ရှိသော ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်း 10 J²၊ မြေကွက် (ပဉ္စမတန်းစား-၁၅)၊ ပေ(၁၀၀×၇၀)ရှိ

မြေနှင့် မြေပေါ်ရှိနေအိမ်များအား စီမံခန့်ခွဲခြင်း

ဖော်ပြပါမြေကွက်ကို ဒေါ်စိန် ၉/မခန(နိုင်)၀၁၆၄၃၂ သည် ၁၉၅၂ ခုနှစ်က ၎င်း၏ ခင်ပွန်းဦးရွှေမင်းက တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ မြေကွက်ပေါ်တွင် မြို့တော်အင်္ဂါရပ်နှင့်အညီ ခြောက်ထပ်တိုက် ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ကျွန်ုပ်ထံ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမော် (အထက်တန်းရှေ့နေ)

B.Sc, H.G.P, D.B.L, D.I.L, D.M.L DL-IP, WIPO in Germany

တိုက်-၆/၁/၃၊ ဆရာများအိမ်ရာ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၆၆၈၃။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဟင်္သာတမြို့နယ်၊ ကနောင်စုရပ်ကွက် ရန်ကင်း(၁)လမ်း၊ အမှတ် ၁၁၅၅ နေ မောင်မောင် ၁၄/ဟသတ (နိုင်) ၀၄၈၈၈၈သည် မိဘအုပ်ထိန်းသူများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၁၀-၈-၂၀၁၀ရက်မှ စ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

မိခင်-ဒေါ်သန်းအိ

၁၄/ဟသတ(နိုင်)၀၁၀၂၈၄

အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့်(စီ) ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ခ/၄၇၈၄၈ Zaw Cycle IV ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ချင်းတွင်းနဂါးများ လီမိတက်၏ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊ပခုက္ကူ။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၃)လမ်း၊ အမှတ် ၂၉၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄ H)၊ မြေကွက်အမှတ်-၁၅၈၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ ဒေါ်ယဉ်ယဉ်အေးအမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆိုင်ရေးပိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးအောင်နိုင်မိုး(ကံမ)

တရားရုံးချုပ်ရှေ့နေ

အခန်းအမှတ်-၁၀၃-K၊ တိုက်-၁၀/၁၂၊

၃၅လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၃၈၈၂၄၄(လိုင်းခွဲ) ၃၁၃၊ ၁၁၃။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

စပါးစိုက်ပျိုးအထွက်တိုး ဖွံ့ဖြိုးစည်ပင် ပွင့်ဖြူတစ်ခွင်

➢ သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်) ➢ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသဖြစ်သော မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့သို့ မကြာမီရက်ပိုင်းက ကြီးအုံကြီးဝ ရေလျောင်တမံသို့သွားရင်း ခရီးကြုံရောက်ရှိခဲ့သည်။ မိုးနည်းရပ်ဝန်းဒေသဖြစ်၍ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၂၅လက်မမှ ၃၀လက်မခန့်သာ ရွာသွန်းသော်လည်း စပါးသီးနှံများ ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့ရသည်။ ပွင့်ဖြူမြို့နယ်တွင် အဓိကသီးနှံ ၁၀မျိုးဖြစ်သော မိုးစပါး၊ နွေစပါး၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် ချက်ကြံတို့ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ပန်းတိုင်အထွက်နှုန်း

ပွင့်ဖြူမြို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို စုံစုံလင်လင်သိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၃ ✻

ပွင့်ဖြူမြို့နယ် လက်ပန္နယ်ကျေးရွာတွင် နွေစပါးများ ရိတ်သိမ်းနေကြစဉ်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

➢ ကောင်းမြတ်သူ - ရေးသားသည် ➢

အမေဇုန်မြစ်တစ်ပတ် လမ်းလျှောက်ခဲ့သူ

မာရက်ပါနင်(ဘရာဇီး) ဩဂုတ် ၁၀

ဗြိတိသျှနိုင်ငံသား အက်စတတ်ဖ်ဖို့ဒ်ဆိုသူသည် ရက်ပေါင်း ၈၅၉ရက်ကြာ အမေဇုန်မြစ်ကို တစ်ပတ်ပတ်ပြီးနောက် လူသိများကျော်ကြားလာသည့် အမေဇုန်မြစ်တစ်ပတ် လမ်းလျှောက်သူဖြစ်လာသည်။

စာမျက်နှာ ၅ ကော်လံ ၅ ●

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၄နာရီ ၅၃မိနစ် ၅၄စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၂၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)